# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။**]**

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၉၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်သူဦးရေစုစုပေါင်းရဲ့ ၉၀.၉၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၃-၁-၂၀၁၃ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦး၊ တက်ရောက်သူ ၃၉၀ ဦးနှင့် ခွင့်ပန်ကြားသူ ၃၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၃၉ ဦးအနက် ၂၈ ဦးက ယမန်နေ့ကတည်းက ကြိုတင်ခွင့်ပန်ကြားထားပြီးဖြစ်တဲ့ အတွက် ယနေ့ခွင့်ပန်ကြားသူ ၁၁ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၂) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၁ ရက်၊

(၃) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ခွင့် ၁ ရက်၊

(၄) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၅) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဦးတင်ဌေးအောင် ခွင့် ၁ ရက်၊

(၆) ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း ခွင့် ၁ ရက်၊

(၇) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၃ ရက်၊

(၈) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၃ ရက်၊

(၉) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ခွင့် ၁၀ ရက်၊

(၁၀) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ခွင့် ၁၀ ရက် နှင့်

(၁၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၃ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၁ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်းဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ သက်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သက်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ်(၄၁၅/၄) အနီးရှိ လယ်မြေပေါ်တွင် မြေဂရန် (သို့မဟုတ်) လ/န (၃၉) မရှိဘဲ စက်သုံးဆီအရောင်းဆိုင်ဆောက်လုပ်ဖွင့်လှစ် သိုလှောင် ရောင်းချနေသည်ကို ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် သိပါသလား။ ယခင်ကလည်း အခြားနေရာများရှိ လယ်မြေပေါ်တွင် သက်ဆိုင်ရာရဲ့ခွင့်ပြုချက်မရဘဲ ကြိုတင်ဆောက်လုပ်ခဲ့ပြီး ဖွင့်လှစ်ရောင်းချနေသည့် စက်သုံးဆီ အရောင်းဆိုင်များအား ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်ရောင်းချရေး ကော်မတီအနေဖြင့် ယခု အချိန်ထိ စစ်ဆေးအရေးယူပိတ်သိမ်းခြင်းမပြုဘဲ ရှိနေသည်ကို ပြည်ထောင်စုအစိုးရအဖွဲ့အနေနှင့် သိပါသလား ။ထိုသို့များကြောင့် တရားဝင်ခွင့်ပြုချက်ရရှိပြီး စည်ပင်ခွန်၊ သိုလှောင်ခွန်၊ ရောင်းချ ခွင့်ခွန်၊ ကုန်သွယ်ခွန်၊ ဝင်ငွေခွန် စသည်ဖြင့် အခွန်အခများပေးဆောင်လျှက် တရားဝင်ရောင်းချန သေည့်ဆိုင်များအနေဖြင့် ဈေးနှုန်း ယှဉ်ပြိုင်ရောင်းချရေးအတွက် အခက်အခဲများ ရှိနေသောကြောင့် ယင်းကိစ္စအပေါ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မည်သို့အရေးယူ ဆောင်ရွက်ပေးပါမည်နည်း။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးအဖွဲ့မှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးထင်အောင်(စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်း၊ ဧည့်သည်တော်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သရင်း လေးစား စွာဖြင့် ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးသက်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် ၏ မေးခွန်းများ နှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးထင်အောင်မှ ရှင်းလင်း ဖြေကြားသွား မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အပေါင်း တို့ခင်ဗျား။ မေးခွန်း(က)နဲ့ ပတ်သတ်ပြီး မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်-မန္တလေးလမ်း မိုင်တိုင် အမှတ်(၄၁၅/၄) အနီးရှိ လယ်မြေပေါ်တွင် မြေဂရန် (သို့မဟုတ်) လ/န (၃၉) မရှိဘဲ စက်သုံးဆီအရောင်းဆိုင် ဆောက်လုပ်ဖွင့်လှစ် သိုလှောင်ရောင်းချနေသည်ကို ပြည်ထောင်စု အစိုးရအဖွဲ့အနေဖြင့် သိပါသလားနှင့် ပတ်သတ်၍-

အဆိုပါနေရာတွင် စက်သုံးဆီအရောင်းဆိုင်သစ်တည်ဆောက်ဖွင့်လှစ်ဖို့ မည်သည့်ပုဂ္ဂလိက လုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းကမှ စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားခြင်း မရှိတဲ့အတွက် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့်မသိရှိပါ။ ယခုသိရှိချိန်တွင် အဆိုပါနေရာသို့ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ရာ Green Luck Trading Co.,ltd. မှ စက်သုံးဆီအရောင်းဆိုင် အသစ်တည်ဆောက် ဖွင့်လှစ်ဖို့ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြလျှောက်ထားဆဲ ဖြစ်ကြောင်းနှင့် ဝင်းခြံခတ်ပြီး အစပျိုးတည် ဆောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အသစ်များ တည်ဆောက် ဖွင့်လှစ်လိုပါက စွမ်းအင်ဝန်ကြီးဌာနသို့ အောက်ပါအထောက်အထားများ ပူးတွဲပြီး အဆိုပြုလျှောက်ထား ရပါတယ်။

(က) သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊

(ခ) မြေပိုင်ဆိုင်မှု အထောက်အထား၊

(ဂ) စက်သုံးဆီရရှိနိုင်မည့် ကုမ္ပဏီအဖွဲ့အစည်း၏ ထောက်ခံချက်၊ စာချုပ်စာတမ်း၊

ဒါ့ကြောင့် ဖော်ပြပါနေရာမှာ စက်သုံးဆီအရောင်းဆိုင်သစ်တည်ဆောက်ဖွင့်လှစ်ဖို့ ဆောင်ရွက် နေခြင်း ကိုလိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနမှ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့သို့ အကြောင်းကြားပြီး ဖြစ်ပါကြောင်းရှင်းလင်း ဖြေကြားအပ် ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အပေါင်း တို့ခင်ဗျား။ ဆက်လက်ပြီး မေးခွန်း(ခ) ဖြစ်တဲ့ ယခင်ကလည်း အခြားနေရာများရှိ လယ်မြေပေါ်တွင် သက်ဆိုင်ရာရဲ့ခွင့်ပြုချက်မရဘဲ ကြိုတင်ဆောက်လုပ်ခဲ့ပြီး ဖွင့်လှစ်ရောင်းချ နေတဲ့ စက်သုံးဆီအရောင်းဆိုင် များကို ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်ရောင်းချရေး ကော်မတီအနေဖြင့် ယနေ့အချိန်ထိ စစ်ဆေးအရေးယူပိတ်သိမ်းခြင်းမပြုဘဲ ရှိနေသည်ကို

ပြည်ထောင်စုအစိုးရအဖွဲ့အနေနှင့် သိပါသလား နှင့် မေးခွန်း (ဂ) ဖြစ်တဲ့ ထိုသို့ခွင့်ပြုချက်တစ်စုံတစ်ရာမရှိသေးဘဲ တရားမဝင်ရောင်းချနေသည့် စက်သုံးဆီ အရောင်းဆိုင်များကြောင့် တရားဝင်ခွင့်ပြုချက်ရရှိပြီး စည်ပင်ခွန်၊ သိုလှောင်ခွန်၊ ရောင်းချခွင့်ခွန်၊ ကုန်သွယ်ခွန်၊ ဝင်ငွေခွန် စသည့်အခွန်အခများပေးဆောင်လျှက် တရားဝင်ရောင်းချနေသည့် ဆိုင်များအနေဖြင့် ဈေးနှုန်း ယှဉ်ပြိုင် ရောင်းချရေးတွင် အခက်အခဲများ ရှိနေသောကြောင့် ယင်းကိစ္စအပေါ် ပြည်ထောင်စု အစိုးရ အနေဖြင့် မည်သို့အရေးယူဆောင်ရွက်ပေးပါမည်နည်း တို့နှင့် ပတ်သတ်လို့-

စွမ်းအင်ဝန်ကြီးဌာနဟာ “ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ” ကို ၁၁-၁၀-၂၀၁၁ ရက်နေ့မှစပြီး ဖွဲ့စည်းခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာလည်း “ရေနံထွက်ပစ္စည်းများ တင်သွင်း သိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ” များကို ဆက်လက် ဖွဲ့စည်းကာ သက်ဆိုင်ရာဒေသအတွင်း တရားမဝင် စက်သုံးဆီအရောင်းဆိုင် တည်ဆောက်ဖွင့်လှစ် ရောင်းချနေတာကို စိစစ် စစ်ဆေးတွေ့ရှိပါက ရပ်ဆိုင်းပိတ်သိမ်း စေပြီးနောက် လိုအပ်သော ခွင့်ပြုချက်များကို စနစ်တကျတင်ပြလျှောက်ထားရယူစေပြီးမှသာ ဖွင့်လှစ်ဆောင် ရွက်ခွင့်ပြုခဲ့ ပါတယ်။ ဒါ့အပြင် ပြည်ပမှ တရားမဝင်စက်သုံးဆီတင်သွင်းခြင်းနှင့် ပြည်တွင်းမှာ တရားမဝင် သယ်ယူသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းများကို တားဆီးထိန်းသိမ်းနိုင်ဖို့ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းတို့နှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါတယ်။ စွမ်းအင်ဝန်ကြီးဌာနဟာ တည်ဆဲဥပဒေများဖြစ်တဲ့ ၁၉၃၄ ခုနှစ်၊ ရေနံအက်ဥပဒေနှင့် ၁၉၃၇ ခုနှစ် ရေနံနည်းဥပဒေတို့ကို လက်ရှိအခြေအနေနှင့် ကိုက်ညီ တဲ့ဥပဒေ နည်းဥပဒေများအဖြစ် ပြင်ဆင်ထုတ်ပြန် နိုင်ရေး ဆောင်ရွက်ဆဲဖြစ်ရာ အဆိုပါပြင်ဆင်တဲ့ ဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်ပြီးပါက တရားမဝင် ရောင်းချနေတဲ့ စက်သုံးဆီ အရောင်း ဆိုင်များကိစ္စအပါအဝင် ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ပိုမိုထိရောက်စွာ စနစ်တကျကြီးကြပ်ထိန်းသိမ်းဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွှန့်(သက်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ပုဒ်မ ၁၁၆(ဃ)အရ ဆက်စပ်မေးခွန်းမေးပါစေ။ မေးခွင့်ပြုပါ။ စွမ်းအင်ဒုဝန်ကြီးက တစ်စုံတစ်ရာအရေးယူမှုတွေ ဆက်လက်ဆောင်ရွက်မယ့်

အစီအစဉ်တွေကို သိရတဲ့အတွက် ကျေနပ်အားရမိပါတယ်။ ဒါပေမယ့် တစ်ကြိမ်ထဲမှာ ကျွန်တော်တို့ ဆက်လက်တင်ပြလိုတာက မေးခွန်း ကျွန်တော်မေးတုန်းက ၄၁၅/၄ အနီးရှိ လယ်ယာမြေပေါ်မှာ ရောင်းချတဲ့ တရားမဝင်ဆိုင်၊ ခုတော့ ကျွန်တော့်ဆီကို နောက်ထပ် ဓာတ်ပုံ ရောက်လာတာက ၄၁၅/၄ ကို မပိတ်သိမ်းနိုင်သေးတဲ့အပြင် ၄၁၂ မှာလည်း လိုင်စင်မဲ့ ဇာမဏီစက်သုံးဆီဆိုင် ဖွင့်လှစ်ကြောင်းဓာတ်ပုံအထောက်အထားတွေနဲ့ ပေးပို့လာပါတယ်။ အကယ်၍ ဒုဝန်ကြီးအထောက်အထားများ ယူမယ်ဆိုပါကလည်း ကျွန်တော်ပေးပို့ရန် အဆင်သင့် ရှိပါတယ်။ အဲဒီတော့ ကျွန်တော်ဆက်လက်မေးတဲ့ မေးခွန်းကတော့ ဒီ လ/န (၃၉) ခွင့်ပြုမိန့် မရှိဘဲနဲ့လည်း ဒီတစ်စုံတစ်ရာ အဆက်အသွယ်နဲ့ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်များကို နောက်ကြောင်း ပြန်ပြီး ခွင့်ပြုမယ်ဆိုရင် တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်ပါတယ်။ ဒါနဲ့ ပတ်သတ်ပြီးတော့ မန္တလေးတိုင်းလွှတ်တော်ကြီးမှာလည်း သက်ဆိုင်ရာကျောက်ပန်းတောင်း လွှတ်တော် ကိုယ်စားလှယ်က မေးမြန်းတဲ့အခါမှာ တားဆီးပေးမယ် အထက်ကိုတင်ပြပေးမယ်ဆိုပြီးတော့ မရေမရာတဲ့ အဖြေတွေနဲ့ လုပ်ငန်းကြီးသမားများကို အကာအကွယ်ပေးနေတဲ့ကိစ္စကိုတော့ စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ဥပဒေပြင်ဆင်မှုမလုပ်ခင်ပင်လျှင် တည်ဆဲဥပဒေအရ ထိထိရောက်ရောက် အရေးယူ ပေးနိုင်ဖို့ အစီအစဉ် ရှိပါသလား။ နောက်ထပ်ဆိုင်သစ် ၄၁၂ ကို ထပ်ဖွင့်တာကိုရော ဝန်ကြီးဌာန အနေဖြင့် သိပါသလားလို့ ရှင်းလင်း စေရန် မေးခွန်းမေးရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးထင်အောင်(စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး)**။ ။ ဦးသိန်းညွန့်ထပ်မံမေးကြားတဲ့ကိစ္စနဲ့ ပတ်သတ်ပြီးတော့ ကျွန်တော်တို့ မိုင်တိုင်အမှတ် ၄၁၂ ကိစ္စနဲ့ ပတ်သတ်ပြီးတော့ ကျွန်တော်ခုနတင်ပြသွား သလိုပါပဲ ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနကို သက်ဆိုင်ရာပြည်နယ် တိုင်း အစိုးရတွေက ထောက်ခံချက်တွေ မြေပိုင်ဆိုင်မှုအထောက်အထားတွေနဲ့ စက်သုံးဆီရရှိနိုင် မယ့် ကုမ္ပဏီအဖွဲ့အစည်းထောက်ခံချက် စာချုပ်စာတမ်းတွေနဲ့ တင်ပြရပါတယ်။ ပထမပိုင်း မှာတော့ သူတို့ဟာသူတို့ သက်ဆိုင်ရာတိုင်းဒေသကြီးတွေနဲ့ ညှိနှိုင်းပြီးတော့ မြေဘယ်နေရာမှာ ဆောက်ကြမယ်ဆိုတာကတော့ ဒါ တိုင်းဒေသကြီးအဆင့်မှာ ဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးအနေနဲ့ ခွင့်ပြုနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ဆီကို တင်ပြလာတဲ့အပေါ်မှာ စိစစ်ပြီးတော့ ကျွန်တော်တို့ကွင်းဆင်းစိစစ်ပြီးတော့ ခွင့်ပြုသင့်မသင့်ဆိုတာကို ကျွန်တော်တို့ သိုလှောင်ခွင့်တို့ ရောင်းချခွင့်တို့ ကျွန်တော်တို့ စိစစ်ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာနနဲ့ ပူးပေါင်း ပြီးတော့ ကျွန်တော်တို့ လိုအပ်တဲ့ ခွင့်ပြုမိန့်ကို ထုတ်ပေးပါတယ်။ နောက်ကြောင်းပြန်ကိစ္စနဲ့

ပတ်သတ်လို့လည်း ကျွန်တော်တို့က ပထမပိုင်းမှာ ပညာပေးကာလအနေနဲ့ အခုချိန်မှာတော့ ကျွန်တော်တို့က အရေးယူတာကိုဦးစားမပေးပဲနဲ့ စည်းရုံးပညာ ပေးခြင်း ပုံစံနဲ့ နိုင်ငံတော်ကလည်း လိုအပ်နေတဲ့စက်သုံးဆီအရောင်းဆိုင် နိုင်ငံတကာနဲ့ယှဉ်မယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်မှာ ရှိတဲ့စက်သုံးဆီအရောင်းဆိုင်ဟာ အလွန်မှ နည်းပါးပါတယ်။ အဲဒါကိုလည်း ပိုမိုပြီးတော့ပါဝင် ရောင်းချနိုင်အောင် ပြည်သူတွေလည်း အချိန်မရွေးနေရာမရွေးဒေသမရွေးမှာ လွယ်လင့်တကူ ရောင်းချနိုင်အောင် စီမံဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ကျွန်တော်တို့ နည်းဥပဒေ၊ ရေနံဥပဒေ၊ နည်းဥပဒေတွေကို ပြင်ဆင်နေဆဲကာလမှာလည်း ကျွန်တော်တို့အနေနဲ့ အမိန့်ကြော်ငြာစာတစ်ရပ် ထုတ်ပြန်ပြီးတော့ အရေးယူဖို့လည်း အစီအစဉ်ရှိပါတယ်။ ဒါကိုလည်း (သြဘာသံများ)

**လာမည့်ဘတ်ဂျက်နှစ်တွင် ဝန်ထမ်းများအား လစာတိုးပေးမည်ဟု ကတိပေးထားပြီးဖြစ်ရာ လစာတိုးပေးပြီးနောက် ငွေကြေးဖောင်းပွမှုမဖြစ်စေရန် မည်သည့်အစီအမံများ ချထားဆောင်ရွက်နေသည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သီးပေါ်မဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီးပေါ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သီးပေါ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့် မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပထမဦးစွာ ပြောကြားလိုတာက ကျွန်တော်တို့ ကြားဖြတ်ရွေးကောက်ပွဲ မတိုင်ခင် ကျွန်တော်တို့ လွှတ်တော် ပြီးခဲ့တဲ့ ဘတ်ဂျက်အစည်းအဝေးမှာ ကျွန်တော်တို့ လွှတ်တော်ကနေပြီးတော့ ဝန်ထမ်းတွေ လစာမလုံလောက်တဲ့အတွက် လစာတိုးပေးဖို့ တောင်းဆိုခဲ့တာရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်သမ္မတကြီးက လစာတွေ တိုးပေးလို့ရှိရင် ကုန်ဈေးနှုန်းတွေ ကြီးမြင့်ပြီးတော့ ငွေကြေးဖောင်းပွမှုဖြစ်လိမ့်မယ်။ ဒါကြောင့်မို့လို့ ဒီဘတ်ဂျက်နှစ်မှာ မတိုးပေးနိုင်သေးဘဲ နောက်ဘတ်ဂျက်မှာ တိုးပေးပါ့မယ်လို့ ကတိပြုထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ထဲကို အခုရောက်ရှိနေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အသစ်များလည်း သိရှိနိုင်ရန်အတွက် ကျွန်တော်ရဲ့မေးခွန်းကို ပြည့်ပြည့်စုံစုံကျွန်တော်ဖတ်ကြားပါ့မယ်။ ဌာနဆိုင်ရာတာဝန်များကို

ထမ်းဆောင်နေကြသော အစိုးရဝန်ထမ်းများသည် ရရှိသည့်လစာလွန်စွာနည်းပါးခြင်း၊ ချထားပေးသည့် ရုံးအသုံးစရိတ်နှင့်အခြားစရိတ်များ မလောက်ငှခြင်း၊ မိမိတို့ဌာနဆိုင်ရာ အထက်အရာရှိများ တာဝန် အရဖြစ်စေ လာရောက်လည်ပတ်လျှင် ဧည့်ခံစရိတ်ထောင်းခြင်းနှင့် အရည်အချင်းအလိုက်ရာထူး တိုးတက်မှုမရှိဘဲ အထက်သို့ လာဘ်ငွေပေးနိုင်သူများ အကပ်ကောင်းသူများကသာ နေရာကောင်းရ ခြင်း၊ ရာထူးတိုးခြင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်၍ အတိုင်အတောခံရလျှင် အထက်အဖွဲ့အစည်း သို့ သွားရောက်ထုချေရှင်းလင်းရသည့်အခါတွင်လည်း ငွေကြေးမြောက်များစွာ ကုန်ကြခြင်း စသည့် ပြဿနာများနှင့် ရင်ဆိုင်နေရသဖြင့် ရိုးသားသော ဝန်ထမ်းအများစုမှာ စိတ်ဓာတ်ကျဆင်းလျက်ရှိ ကြောင်း သိရှိရပါသည်။ နိုင်ငံတော်သမ္မတကြီးသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု လွန်ခဲ့သော နှစ်နှစ်ခန့်ကပင် ပြည်သူ လူထုကို ပြောကြားကတိပေးထားပြီး ဖြစ်ပါသည်။ သန့်ရှင်းသော အစိုးရဖြစ်စေရေးကိစ္စတွင် ပမာဏ ကြီးမားများပြားစွာ အလွဲသုံးစားပြုမှု၊ အဂတိလိုက်စားမှုများကြောင့် ဖြစ်ပေါ်နေသော ပြဿနာများ ကို ကိုင်တွယ်ဖြေရှင်းနိုင်မှသာ အမြန်ထိရောက်မှု ရှိပါလိမ့်မည်။ ဥပမာအားဖြင့် သွင်းကုန်၊ ထုတ်ကုန် များကို မမှန်မကန်စာရင်းပြုမှု၊ လုံးဝအခွန်ရှောင်ကာ လာဘ်ပေးလာဘ်ယူပြုလျက် ကုန်သွယ်နေမှု၊ စီမံကိန်းကြီးများကို လုပ်ပိုင်ခွင့်ချထားပေးရာတွင် ပွင့်လင်းမြင်သာမှုမရှိသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖြစ်သင့်ဖြစ်ထိုက်သည်ထက် ပိုမိုကုန်ကျနေခြင်း သို့မဟုတ် အရည်အသွေး ပြည့်မီ မှုမရှိခြင်းစသည့် ပြဿနာများကို ဆိုလိုပါသည်။ ထို့အပြင် ပြည်သူလူထုက ပေးဆောင်နေရ သော်လည်း နိုင်ငံတော်၏ဘဏ္ဍာတိုက်ထဲသို့ မရောက်ရှိသည့်အခွန်အခများမှာလည်း များစွာ ရှိနေ ပါသည်။ ဥပမာအားဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုလုပ်ဆောင်ခကို ၆ ကျပ်သာသတ်မှတ်ထား သော်လည်း အမှန်တကယ်လုပ်ဆောင်သည့်အခါ ထို့ထက်မက အဆပေါင်းများစွာ ပေးနေရခြင်းမျိုး၊ မြေဂရန် သက်တမ်းတိုးရာတွင် အစိုးရသို့ ပေးဆောင်ရငွေမှာ ထောင်ဂဏန်းမျှသာရှိသော်လည်း အမှန်တကယ် ကုန်ကျငွေမှာ သိန်းဂဏန်းဖြစ်နေခြင်းမျိုး ဖြစ်ပါသည်။ ထိုသို့သော ယိုပေါက်များကို ကောင်းစွာ ပိတ်ဆို့ပြီး ရသင့်ရထိုက်သည့်အခွန်အခများကို ရအောင်ကောက်နိုင်မှသာလျှင် အစိုးရ ဘတ်ဂျက်တွင် ရငွေတိုးလာပြီး ဝန်ထမ်းများကို လုံလောက်သော လစာများ တိုးပေးခြင်း၊ ရုံးသုံးကုန်ကျ စရိတ်များကို အမှန်တကယ်ကုန်ကျသည့်အတိုင်း ချထားပေးနိုင်ခြင်း စသည့်ကိစ္စများကို ငွေကြေး ဖောင်းပွမှု မဖြစ်စေဘဲ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်စေရန်အတွက်လည်း အရည်အချင်းနှင့် ကျွမ်းကျင်မှုအလိုက် ရာထူးတာဝန်တိုးပေးသည့် စနစ်ကို တိတိကျကျလိုက်နာကျင့်သုံးခြင်းသည် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ လာမည့်

ဘတ်ဂျက်နှစ်တွင် ဝန်ထမ်းများအား လစာတိုးပေးမည်ဟု ကတိပေးထားပြီး ဖြစ်ရာ ကျွန်တော် မေးမြန်းလိုသည်မှာ လစာတိုးပေးပြီးနောက် ငွေကြေးဖောင်းပွမှုမဖြစ်စေရန် မည်သည့်အစီအမံများ ချထားဆောင်ရွက်နေသည်ကို သိရှိလိုပါသည်။ (၂) ကြီးကြီးမားမား အကျင့်ပျက်ချစားမှုများ အဂတိလိုက်စားမှုများ ပပျောက်စေရန် မည်သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါသည်။ ကျေးဇူးတင်ပါခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်ခင်ဗျား။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ရှမ်းပြည်နယ်သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ) ဦးမင်းထွန်း၏ မေးခွန်းကို ပြည်ထောင်စုဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာမောင်မောင်သိမ်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ဦးရဲထွန်းရဲ့ မေးခွန်းမှာ အဓိကဆိုလိုရင်းကတော့ ငွေကြေးဖောင်းပွမှုကို မည်ကဲ့သို့အစီအမံများ ချမှတ်ပြီး ဆောင်ရွက်နေတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒုတိယအချက်ဖြစ်တဲ့ လာဘ်ပေးလာဘ်ယူကိစ္စကတော့ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ မဆိုင်တဲ့အတွက်ကြောင့် ကျွန်တော်ပထမအချက်ကိုပဲ ဖြေသွားပါမယ်။ ပထမအချက်ဖြစ်တဲ့ ငွေကြေးဖောင်းပွမှုကို မည်ကဲ့သို့ အစီအမံများ ချမှတ်ဆောင်ရွက်နေပါသလဲဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာမှာလုပ်တဲ့လုပ်ထုံးလုပ်နည်းတွေအတိုင်းပါပဲ။ ငွေကြေးဖောင်းပွမှုကို နည်းလမ်းနှစ်မျိုးနဲ့ ဆောင်ရွက်နေပါတယ်။ ပထမနည်းလမ်းကတော့ ဘဏ္ဍာရေးမူဝါဒဆိုင်ရာနည်းလမ်းဖြစ်ပြီးတော့ ဒုတိယနည်းလမ်းကတော့ ငွေကြေးဆိုင်ရာနည်းလမ်းဖြစ်ပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒအနေနဲ့ အသုံးစရိတ်တွေ ဖြတ်တောင့်တာ။ အခွန်တွေကို နှုန်းထားမြင့်ဘဲနဲ့ တိုးမြင့်ရရှိအောင် ကောက်ခံတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနည်းလမ်းကို ဆောင်ရွက်တဲ့အခါမှာလည်းပဲ သတိကြီးစွာထားပြီး ဆောင်ရွက်ရပါတယ်။ ဥပမာတစ်ခုအနေနဲ့ ပြရမယ်ရင် အခု အမေရိကန်နိုင်ငံမှာ ဘတ်ဂျက်လိုငွေတွေ ဖြတ်တောက်တာနဲ့ အခွန်တိုးမြှင့်ကောက်ခံတာကို ဥပဒေတွေ ပြဋ္ဌာန်းပြီး ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ ဒီဥပဒေတွေရဲ့ အကျိုးသက်ရောက်မှုဟာ ၁ ရက်ထဲသွားဖြစ်တဲ့အတွက်ကြောင့် တစ်ပြိုင်နက်တည်းမှာ အမေရိကန်စီးပွားရေးမှာ လှည့်ပတ်သုံးစွဲနေတဲ့ ငွေတွေထဲကနေပြီးတော့ GDP ရဲ့ ၃.၅ ရာခိုင်နှုန်း

လောက် လျော့သွားမှာ ဖြစ်တဲ့အတွက်ကြောင့် စီးပွားရေးနှောင့်နှေးမှုတွေ ဖြစ်တော့မယ်ဆိုပြီး တော့မှ ဘဏ္ဍာရေးချောက်ကမ်းပါးထဲ ကျတော့မယ်ဆိုပြီးတော့ ပွက်လောရိုက်သွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို ဆောင်ရွက်တဲ့နေရာမှာလည်း သတိကြီးစွာထားပြီးတော့ ဆောင်ရွက်ရပါတယ်။ ငွေရေးကြေးရေးနည်းလမ်းအနေနဲ့ကတော့ (၁)က အတိုးနှုန်းတွေကို ထိန်းညှိတဲ့နည်းလမ်း၊ (၂)ကတော့ ဈေးကွက်ရဲ့ အခြေအနေလုပ်ဆောင်မှုကို ထိန်းညှိတဲ့နည်းလမ်းနဲ့ (၃)ကတော့ အရံရန်ပုံငွေတွေကို ထိန်းညှိတဲ့နည်းလမ်းကို သုံးပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အတိုးနှုန်းနဲ့ ပတ်သက်လို့လည်းပဲ နိုင်ငံတော်ရဲ့စီးပွားရေးအခြေအနေပေါ်မူတည်ပြီးတော့ အတိုးနှုန်းတွေကို ထိန်းညှိသတ်မှတ်ပေးပြီးတော့ ဆောင်ရွက်ပေးပါတယ်။ ဒီမှာလည်းပဲ သတိကြီးစွာထားပြီးတော့ ဆောင်ရွက်ရပါတယ်။ ခုန ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပဲ အဲဒီ စီးပွားရေးအကြီးဆုံးဆိုတဲ့ နိုင်ငံကြီးမှာပဲ ငွေဖောင်းပွမှုနှုန်းကို ၂ ရာခိုင်နှုန်းထားဖို့ဆိုပြီးတော့ အတိုးနှုန်းတွေကို ၀ ရာခိုင်နှုန်းနီးပါး လျော့ချတဲ့အခါမှာ စီးပွားရေးနောက်ကျမှု ဖြစ်မယ်ဆိုပြီးတော့ တလောကသတင်းတွေမှာ ပါလာပါတယ်။ ဒုတိယနည်းလမ်းဖြစ်တဲ့ ဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်တွေကို ထိန်းညှိတဲ့ နည်းလမ်းကိုလည်းပဲ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ချေးငွေအပ်ငွေတွေကို လေလံစနစ်နဲ့ လုပ်ဆောင်လာအောင် ပြီးခဲ့တဲ့နှစ်စက်တင်ဘာလမှစပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အရံရန်ပုံငွေနဲ့ပတ်သက်လို့ကတော့ ရန်ပုံငွေရဲ့ရည်မှန်းချက် ပမာဏကို သတ်မှတ်တာ၊ ငွေဖြစ်လွယ်မှုကိုသတ်မှတ်တဲ့နည်းလမ်းတွေနဲ့ အသုံးပြီးတော့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်လိုငွေဟာ တဖြေးဖြေးလျော့ကျနေတဲ့အနေအထားကိုလည်း တွေ့ရပါတယ်။ ၂၀၁၁-၂၀၁၂ မှာ ဘတ်ဂျတ်လိုငွေဟာ ၄.၉ ရာခိုင်နှုန်းက GDP နဲ့ ဘတ်ဂျတ်လိုငွေအချိုးဟာ ၄.၉ ရာခိုင်းနှုန်းရှိတာကနေပြီးတော့မှ ၂၀၁၂-၂၀၁၃ မှာ ၃.၂ ရာခိုင်နှုန်း အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ ကုန်ဈေးနှုန်းတွေကို ကြည့်မယ်ဆိုရင်လည်း ကုန်ဈေးနှုန်းတွေဟာ တန့်နေတဲ့သဘောများ တွေ့ရပါတယ်။ ဓာတ်ဆီလည်းပဲ ဓာတ်ဆီဈေးနှုန်းလည်း တက်သွားတာကို မတွေ့ရပါဘူး။ ထို့အတူပဲ နိုင်ငံခြားငွေ လဲလည်တဲ့နှုန်းတွေလည်း တန့်နေတဲ့သဘောကို တွေ့ရပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုနှုန်းကို လျော့နည်းအောင် ဆောင်ရွက်တဲ့အစီအမံတွေဟာ တစ်စုံတစ်ရာသော အတိုင်းအတာအထိတော့ ထိရောက်မှုရှိတယ်လို့တော့ သုံးသပ်နိုင်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီးက အခုလို ရှင်းလင်းပြသွားတဲ့အတွက် ငွေကြေးဖောင်းပွမှုပြဿနာနဲ့ပတ်သက်လို့တော့ သဘောတရားရေးရာအရ ဒါ ကျွန်တော်တို့ နားလည်း သဘောပေါက်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ထူးခြားချက်အနေနဲ့ ဒီသဘောတရားကို လက်တွေ့ ဘယ်လိုကျင့်သုံးမလဲဆိုတဲ့ အပိုင်းကို ဖြေကြားသွားတာ မရှိသေးပါဘူး။ နောက်တစ်ချက်အရေးကြီးတာ ဖြေကြားသွားတာမရှိသေးတဲ့အတွက် ကျွန်တော်ဖြေပါလို့ မတောင်းဆိုလိုပါဘူး။ သို့သော် နောက်တစ်ချက်အရေးကြီးတာက ကျွန်တော်တို့ အခုတင်ထားတဲ့ ဘတ်ဂျက်ထဲမှာ ဝန်ထမ်းတွေ အတွက် လစာတိုးပေးဖို့ ဆွဲထားတာများ ပါပါသလား။ ပါတယ်ဆိုရင်လည်း ဘယ်လောက်အတိုင်း အတာအထိ ကျွန်တော်တို့ တိုးပေးဖို့ စီစဉ်ထားပါသလဲဆိုတာ ဖြေကြားပေးပါခင်ဗျား။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ကျွန်တော် ခုနက တင်ပြသွားတာကတော့ သဘောတရားတင်မကဘူး။ လက်တွေ့မှာလည်း အဲဒီအတိုင်းပဲ ကြိုးစားပြီးတော့ လုပ်ဆောင်နေပါတယ်။ ခုနက ဝန်ထမ်းတွေကို လစာတိုးပေးဖို့ ဘတ်ဂျက်မှာ ပါ၊ မပါ ဆိုတာကတော့ အခုထက်ထိတော့ ဘတ်ဂျက်ထဲမှာ မပါပါဘူးခင်ဗျား။ ဆိုတော့ နောက်လုပ်မယ့် အစီအစဉ်ကိုတော့ ကျွန်တော်လည်း မသိပါဘူး။ သို့သော် လောလောဆယ်ဆယ်မှာတော့ မပါသေး ကြောင်း တင်ပြအပ်ပါတယ်။

**မြန်မာနိုင်ငံရှိအစိုးရနှင့် ပုဂ္ဂလိကဘဏ်များက ပညာရေးဆိုင်ရာချေးငွေများနှင့် ကျောင်းသား ချေးငွေ များ(Education Loans and Student Loans)ကိုအတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေး မည့်အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း။**

**ဥက္ကဋ္ဌ**။ ။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင် (မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများရဲ့ပညာရည်မြင့်မားရေး ၊

တက္ကသိုလ်ကျောင်းသားများအဆင်ပြေချောမွေ့စွာ စိတ်အေးချမ်းသာစွာဖြင့် ပညာဆည်းပူးသင်ယူနိုင်ရေး ၊ ပညာမဲ့လူတန်းစားအချို့ လျှော့ချရေးအတွက် နိုင်ငံတိုင်းမှာ အစိုးရကသော်လည်းကောင်း၊ လူမှုအဖွဲ့အစည်းများ ကုမ္ပဏီများကသော်လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းမှသော်လည်းကောင်း ပညာသင်ထောက်ပံ့ကြေးများ ပေးရတဲ့အစီအစဉ်ရှိကြပါတယ်။ ထို့အပြင် ပြည်ပနိုင်ငံများစွာမှာ ပညာသင်ကြားရေးအထောက်အကူဖြစ်စေမယ့် ပညာရေးချေးငွေ ကျောင်းသားချေးငွေများကို အစိုးရဘဏ်များနှင့်ပုဂ္ဂလိကဘဏ်များက အသုံးအနှုန်းသက်သာစွာနဲ့ ထုတ်ချေးပေးတာကို တွေ့ရှိရပါတယ်။ ဥပမာ အမေရိကန်နိုင်ငံ၊ ကနေတာနိုင်ငံတို့မှာ ပုံသေအသုံးအနှုန်းချေးငွေ (Fihet Rate Loan)ဖြင့် အခြေခံပညာအဆင့် တိုက်ရိုက်ထောက်ပံ့ကြေးချေးငွေကို အတိုးနှုန်း ၃.၄ ကနေ ၆.၈ ရာခိုင်နှုန်း ကြားဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်နဲ့ကောလိပ်၊ ဘွဲ့ဒီဂရီတက်ထူးချွန်ကျောင်းသားအားလုံးအတွက် ပြောင်းလဲနိုင်တဲ့ အတိုးနှုန်းလည်း ၁.၇၉ ရာခိုင်နှုန်းကနေပြီးတော့ ၃.၁၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း ထုတ်ချေးပေးတာကို တွေ့ရှိရပါတယ်။ ထိုနည်းတူစွာပဲ အင်္ဂလန်နိုင်ငံ၊ ဩစတေးလျ၊ တောင်ကိုရီးယား၊ အိန္ဒိယနိုင်ငံ စတဲ့နိုင်ငံတွေကလည်း ပညာရေးချေးငွေ ကျောင်းသားချေးငွေ များထုတ်ချေးပေးတာကိုတွေ့ရှိရပါတယ်။ ထူးခြားချက်အနေနဲ့ အိန္ဒိယနိုင်ငံမှာ ဘဏ်ဝန်ဆောင်ခထက်တောင်နည်းတဲ့ အတိုးနှုန်း ဝ.၅ ရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးတာကို တွေ့ရှိရပါတယ်။ သူတို့ထုတ်ချေးပေးတဲ့အတွက်ကြောင့်မို့လို့ ဆင်းရဲပေမဲ့ ပညာတော်တဲ့ ကျောင်းသူ ကျောင်းသားများအတွက် ပညာဆက်လက်ဆည်းပူးနိုင်တဲ့ အခွင့်အလမ်းနဲ့ အလုပ်အကိုင်ရရှိနိုင်ဖို့ အခွင့်အလမ်းများပြားလာခြင်း၊ လုပ်ငန်းကဏ္ဍ အသီးသီးမှာ လိုအပ်တဲ့လူတော် လူကောင်းဝန်ထမ်း ကောင်းများရရှိနိုင်မဲ့အခွင့်အရေး၊အခွင့်အလမ်းများ များပြားလာခြင်းစတဲ့ အကျိုးကျေးဇူးများစွာကို ရရှိနိုင်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို ဖြေကြားပေးဖို့ မေးမြန်းအပ်ပါတယ်။ မြန်မာနိုင်ငံရှိ အစိုးရနှင့် ပုဂ္ဂလိကဘဏ်များက နိုင်ငံသားများရဲ့ ပညာရည်မြင့်မားရေးအတွက် ပညာရေးဆိုင်ရာချေးငွေများနှင့် ကျောင်းသားချေးငွေများ (Education Loan and Student Loan)တို့ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးနိုင်မဲ့ အစီအစဉ် စီမံဆောင်ရွက်နိုင်ခြင်း ရှိ ၊ မရှိနှင့် စီမံဆောင်ရွက်ထားခြင်းရှိ ၊ မရှိကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ရှမ်းပြည်နယ် သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်ရဲ့ မေးခွန်းကို ပြည်ထောင်စုဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီးကျွန်တော် ဒေါက်တာမောင်မောင်သိမ်းမှပဲ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးစိုင်းဘိုးအောင်ရဲ့မေးခွန်းကတော့ မြန်မာနိုင်ငံအစိုးရနှင့် ပုဂ္ဂလိကဘဏ်များအနေနဲ့ ပညာရေးချေးငွေ ကျောင်းသားချေးငွေများကိုပေးဖို့ အစီအစဉ်ရှိမရှိဆိုပြီးမေးမြန်းထားတာဖြစ်ပါတယ်။ ထိုမေးခွန်းက အင်မတန်မမေးသင့် မေးထိုက်ပြီး ကောင်းမွန်တဲ့မေးခွန်းဖြစ်ပါတယ်။ နိုင်ငံတကာမှာတော့ ဦးစိုင်းဘိုးအောင် တင်ပြတဲ့အတိုင်းပါပဲ ပညာရေးချေးငွေတွေ ကျောင်းသားချေးငွေတွေ ပေးလျက်ရှိနေပါတယ်။ ဗမာပြည်မှာ ရှိတဲ့ ဘဏ် တွေကတော့ အစိုးရဘဏ် ၄ ဘဏ်၊ ပုဂ္ဂလိကဘဏ်က ၁၉ ဘဏ် အဲဒီဘဏ်တွေအားလုံးဟာ ကူးသန်းရောင်းဝယ်ရေးဘဏ်တွေဖြစ်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှုဘဏ်တို့ ဖွံ့ဖြိုးမှုဘဏ်တို့ကတော့ ဗမာပြည်မှာ လောလောဆယ်မရှိသေးပါဘူး။ မကြာခင်မှာတော့ ပေါ်ပေါက်လာစရာ အကြောင်းရှိပါတယ်။ သို့အတွက်ကြောင့်လောလောဆယ်မှာတော့ ကျောင်းသားချေးငွေ ပညာရေးချေးငွေတွေကို ပေးနိုင်ခြင်းမရှိတာကိုတွေ့ရပါတယ်။သို့သော်လည်းပဲပညာရေးမှာ ရင်းနှီးမြှုပ်နှံမှုဆိုတာ အနာဂါတ်မှာ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်ပါတယ်။ ထို့ကြောင့်နိုင်ငံတော်ရဲ့အနာဂါတ်လှပဖို့ အိပ်မက်လှလှမက်နိုင်ဖို့အတွက် ပညာရေးချေးငွေ၊ ကျောင်းသားချေးငွေတွေပေးဖို့ဘဏ်များကို တိုက်တွန်းပေးသွားမှာ ဖြစ်ပါကြောင်းရှင်းလင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ညြဘာသံများ)

**မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ သာမန်အသုံးစရိတ်များ ခွဲဝေချထားရာတွင် ခေတ်ကာလနှင့်လျော်ညီသော အသုံးစရိတ်များ ခွဲဝေချထားပေးရန် အစီအစဉ်ရှိမရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြံ့ခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင်(ကြံ့ခင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံ့ခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြို့နယ်အဆင့် ဌာနဆိုင်ရာများရဲ့ သာမန်အသုံးစရိတ်များခွဲဝေချထားရာမှာ ခေတ်ကာလနှင့်လျော်ညီသော အသုံးစရိတ်များ ခွဲဝေချထားပေးရန်

အစီအစဉ်ရှိမရှိနဲ့ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနဆိုင်ရာများမှာ ဝန်ထမ်းများကို စရိတ်ချီးမြှင့်ငွေအဖြစ် ကျပ် ၃၀၀၀၀ တိုးမြှင့်ပေးခဲ့သော်လည်း ခရီးစရိတ်များအပါအဝင် ရုံးအသုံးစရိတ်များဟာ ခေတ်နှင့်လျော်ညီသော အသုံးစရိတ်များမဟုတ်သလို သိရှိရပါတယ်။ မြို့နယ်အဆင့်ရုံးအသုံးစရိတ်များ ခွဲဝေချထားရာမှာ ရန်ပုံငွေမလောက်ငှတဲ့အတွက် ဌာနတာဝန်ခံများက မဖြစ်မနေ အများဆုံးစိုက်ထုတ်သုံးစွဲနေရခြင်းနှင့် အခြားအဆင့်ဝန်ထမ်းများကလည်း မိမိတို့ရဲ့တာဝန်အလျောက် မိမိတို့လုပ်ငန်းအပေါ် တာဝန်ခံ လုပ်ကိုင်ရသလောက် စိုက်ထုတ်သုံးစွဲနေရခြင်းများရှိနေကြောင်းနဲ့ ဒီလိုစိုက်ထုတ်သုံးစွဲကြရာမှာ နည်းလမ်းနှစ်ခုနှင့် ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ပထမနည်းလမ်းကတော့ အများပြည်သူ များနှင့်ဆက်ဆံရပြီးတော့ ဝင်ငွေရလမ်းရှိတဲ့ဌာနများ၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရတဲ့ဌာနများက စိုက်ထုတ်ကြခံသုံးစွဲရတဲ့ကိစ္စများအတွက် ဌာနရန်ပုံငွေအဖြစ်လည်းကောင်း၊ ဝန်ထမ်းသက်သာ အဖြစ်လည်းကောင်း ခေါင်းစဉ်အမျိုးမျိုးတပ်၍ အများပြည်သူများထံမှ အပိုငွေကောက်ခံခြင်း၊ အလှူခံခြင်း၊ ဌာနမှထိန်းသိမ်းစောင့်ရှောက်ရတဲ့ ပြည်သူပိုင်ပစ္စည်းများ၊ မြေယာများကို လုပ်ပိုင်ခွင့် တစ်ရပ်အနေဖြင့် ဆောင်ရွက်စေပြီး ရန်ပုံငွေရှာခြင်း၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သည့်ဌာနများမှ လည်း ရန်ပုံငွေအပိုရရှိရန် နည်းလမ်းပေါင်းစုံဖြင့် ရှာကြံသုံးစွဲနေခြင်းများဖြင့် ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ အဲ့ဒီလိုနည်းလမ်းအမျိုးမျိုးနဲ့ ရှာဖွေဆောင်ရွက်နိုင်တဲ့ မြို့နယ်အဆင့်ဌာနဆိုင်ရာ များဟာ မိမိဌာနရဲ့လုပ်ငန်းများကိုဆောင်ရွက်ရာမှာ အခက်အခဲမရှိဆောင်ရွက်နိုင်ကြသော်လည်း မလိုလားအပ်သော လာဒ်ပေးလာဒ်ယူမှုများ ဖြစ်ပေါ်လာခြင်း၊ လုပ်ပိုင်ခွင့် အလွဲသုံးစားပြုခြင်း၊ အများ ပြည်သူပိုင်ပစ္စည်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်ပစ္စည်းများအား အလွဲသုံးစားပြုမှုများ ကြောင့် ပြဿနာများဖြစ်ပေါ်လာခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်းနှင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို မျက်ကွယ်ပြုလာခြင်း စသည်တို့အပြင် အများပြည်သူက နိုင်ငံတော်အစိုးရ ဌာနများ နှင့် ဝန်ထမ်းများအပေါ် ယုံကြည်မှုမရှိတော့ခြင်း စသည့်ကိစ္စရပ်များ ပေါ်ပေါက်နိုင်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ဝင်ငွေရလမ်းမရှိတဲ့ ဌာနများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာမှာ ဌာန တာဝန်ခံများအပါအဝင် ရုံးလုပ်ငန်းများတာဝန်ခံ လုပ်ကိုင်ကြတဲ့ ဝန်ထမ်းများဟာ မိမိတို့ရရှိတဲ့လစာ စရိတ်ထဲကနေပြီးတော့စိုက်ထုတ်ကြခံပြီး လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရတဲ့အတွက် ဝန်ထမ်းများရဲ့ စိတ်ဓာတ်၊ စည်းလုံးမှု၊ လုပ်ငန်းအပေါ်စိတ်ဝင်စားမှု၊ လုပ်ငန်းစွမ်းရည်ကျဆင်းမှုများဖြစ်ပေါ်နေ ကြောင်းသိရှိရပါတယ်။ ဒီအချက်တွေဟာ မြို့နယ်တစ်မြို့နယ် ခရိုင်တစ်ခုတည်းအတွက်သာ မလိုလား အပ်တဲ့ အားနည်းချက်ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် ကောင်းမွန်သော ကိစ္စ

မဟုတ်သည်ဟု သိရှိပြီး လိုအပ်သလို စီမံဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှာ မည်ကဲ့သို့ ရုံးအသုံးစရိတ်များ စိုက်သုံးစွဲနေသည်ကို အကြမ်းဖျင်းအားဖြင့်ဖော်ပြရမယ်ဆိုရင် ခရီးစရိတ်ခွဲဝေချထားရာမှာ အရင်ဘဏ္ဍာရေးနှစ်များအတိုင်း ခွဲဝေချထားပေးသော်လည်းပဲ ရထားဖြင့်ခရီးသွားလာပါက ရထားခမှာသုံးဆတက်သွားခြင်း နေ့တွက်စရိတ်မှာ လည်း ခရီးသွားတဲ့နေ့အတွက် မရရှိဘဲနောက်ရက်များတွင်တစ်ရက် ၁၁၀၀ ခန့်သာ ခွင့်ပြုခဲ့ရာ ထမင်းတစ်နပ်ပင် လောက်ငှမှုမရှိခြင်း၊ ဌာနမှတည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်မှုမရှိတဲ့အတွက် တည်းခိုခန်းခမှာ တစ်ရက် ၂၅၀၀ ကျပ်ပေးဆောင်ရပြီး တည်းခိုတဲ့နေရာနဲ့ သွားရသည့်ရုံးမှာ အလှမ်းကွာဝေးသဖြင့် မြို့ပတ်ကားများ၊ ဆိုက်ကားများ စီးသွားရပါက ခရီးစရိတ်မရခြင်း ပြေစာဘောင်ချာပါလျှင်ပေးမည်ဆိုသော်လည်း အချို့သောကိစ္စရပ်များသည် ပြေစာဘောင်ချာမရရှိနိုင်တဲ့ကိစ္စရပ်များဖြစ်ခြင်း စသည့်စရိတ်များ ပိုမိုကုန်ကျမှုရှိသော်လည်း အမှန်တကယ်ထုတ်ယူရရှိခရီးစရိတ်မှာ ရထားလက်မှတ်ခသာသာပင် ရှိပါတယ်။ အဆိုပါငွေကြေးခန့်သာ ထုတ်ယူရရှိသော်လည်း ခွင့်ပြုရန်ပုံငွေလုံလောက်စွာ ခွဲဝေချထားခြင်းမရှိတဲ့အပြင် ဝန်ထမ်းကိုယ်တိုင် စိုက်ထုတ်သုံးစွဲရခြင်းမှာ ဘဏ္ဍာရေးနှစ်တိုင်းတွင်ဖြစ်ကြောင်း သိရှိရပါတယ်။ ၎င်းအပြင် ရုံးအသုံးစရိတ်များ၌ လုပ်အားခခရီးစရိတ်များ၊ ခေတ်နှင့်လျော်ညီသော စရိတ်များ ခွဲဝေမပေးသဖြင့် မိတ္တူကူးခများ စိုက်ထုတ်သုံးစွဲရခြင်း ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေးဝန်ထမ်း ခန့်ထားမှုမရှိသော မြို့နယ်များတွင် ရုံးမြေနေရာကျယ်ဝန်းလျှင် ကျယ်ဝန်းသလောက် ပေါင်းမြက်နှင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းရာတွင် စိုက်ထုတ်သုံးစွဲရခြင်း စသည့် အမျိုးမျိုးသော အထွေထွေ လုပ်အားခများမှာ ဘဏ္ဍာရေးနှစ်တိုင်း ခံစားနေရသည့် အခက်အခဲများဖြစ်ပါတယ်။ ရုံးသုံး စာရေးကိရိယာများ၊ ရုံးအသုံးအဆောင်ပစ္စည်းများမှာလည်း ယခင် လက်နှိပ်စက်ရိုက်ဆောင်ရွက်ရသည့် ခေတ်အတိုင်းပင် ခွဲဝေချထားပေးသော်လည်း E-Government, ICT စတဲ့နည်းပညာခေတ်မှာ ကွန်ပျူတာစာစီခေတ်ဆောင်ရွက်လာကြပြီဖြစ်ရာ ရုံးလုပ်ငန်းများဆောင်ရွက်ရာမှာ စိုက်ထုတ်ရတဲ့ ကုန်ကျစရိတ်မှာ အင်မတန်များပြားလှကြောင်း သိရှိရပါတယ်။ ရုံးလုပ်ငန်းများဆောင်ရွက်ရာမှာ လွယ်ကူလျှင်မြန်စေဖို့ အချို့သော ရုံးဌာနများမှာ နိုင်ငံပိုင်သိမ်းထားတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များခွဲဝေပေးသော်လည်း စက်ဆီ၊ ချောဆီ ရန်ပုံငွေမလောက်ငှသည့်အပြင် တစ်နှစ်စာ ပြင်ဆင်ထိန်းသိမ်းစရိတ်မှာလည်း ဘီးတစ်ပေါက်ဖာလျှင် ကုန်သွားတတ်ပါတယ်။ မော်တော်ယာဉ်၊ ဆိုင်ကယ်ထုတ်၍မပေးသော်လည်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိဌာန၊ ရုံးလုပ်ငန်းအရေးအရ လည်းကောင်း၊ အခြားသောတာဝန်ပေးမှုအရလည်းကောင်း မြို့နယ်အတွင်း ခရီးသွားရလျှင် မိမိပိုင် ယာဉ်ရှိပါက ဆီ၊ ယာဉ်အသင့်စိုက်ထုတ်မောင်းနှင်ရန်ဆီမရှိပါက ပိုမိုကုန်ကျသောခရီးလမ်းကြောင်း

ဖြစ်မည်မှာမလွဲပါ။ ရုံးသုံးတယ်လီဖုန်းခများမှာလည်း တယ်လီဖုန်းပြောဆိုခ၊ သုံးစွဲခအတွက်ပင်လျှင်
ရန်ပုံငွေလောက်ငှမှုမရှိသော်လည်း ခေတ်မီစွာပင် ဖက်စ်၊ ကြေးနန်းပို့ခများ၊ ဖက်စ်၊ ကြေးနန်းလက်ခံ
ခများကုန်ကျလာသည်ကိုတွေ့ရပါတယ်။ ကွန်ပျူတာနှင့် ခေတ်မီစက်ကိရိယာများကိုင်တွယ်သုံးစွဲရခြင်း
မရှိသော ခေတ်၌ပင်လျှင် လုံခြုံရေးမီးထွန်းရန်နှင့် ရုံးတွင်းလျှပ်စစ်မီးထွန်းရန်အတွက် ခွဲဝေချထား
ပေးသောမီတာခပင် ယခုအခါ ခွဲဝေချထားပေးခြင်းမရှိသော လျှပ်စစ်မီတာနှင့်ဓာတ်အားခရန်ပုံငွေ
သည် လစဉ်မီတာထိန်းသိမ်းစောင့်ရှောက်ခသာသာဖြင့် စိုက်ထုတ်သုံးစွဲရသော ငွေကြေးများရှိကြောင်း
သိရှိရပါတယ်။ သတင်းစာဖိုးတွေနဲ့ နိုင်ငံပိုင်သတင်းစာတစ်စောင် ဝယ်ယူဖတ်ရှုရန်အတွက်သာ ခွဲဝေ
ချထားပေးသော်လည်း အခြားသော မဝယ်မနေရစာစောင်များရောယှက်နေသဖြင့် ကုန်ကျစရိတ်မှာ
များပြားလှကြောင်းသိရပါတယ်။ ဖော်ပြပါကုန်ကျစရိတ်များဟာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ
အားလုံး အနည်းနှင့်အများခံစားနေရတဲ့ စရိတ်များဖြစ်ပြီးတော့ ဆက်လက်ဖော်ပြခြင်းမပြုတဲ့ ပြင်ဆင်
ထိန်းသိမ်းခြင်းစရိတ်များ၊ ဧည့်ခံစရိတ်များ စသည့် ခေတ်မမီသောစရိတ်များ အခြားအသုံးစရိတ်များ
ဟာလက်ရှိအတိုင်း ဆက်လက်ခွဲဝေချထားဆောင်ရွက်သွားမည်ဆိုပါက ဝန်ထမ်းများအပေါ် လစာ
စရိတ်မည်မျှပင်တိုး၍ပေးစေကာမူ ပေးကာပေး၏မရဆိုသကဲ့သို့ ဖြစ်ပါလိမ့်မယ်။ ပြည်ထောင်စု
သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)အရ ဖွဲ့စည်းပုံ
အခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဖွဲ့အစည်းများ၏အကြီးအမှူးများနှင့် အဖွဲ့အစည်း
ဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏အသုံးစရိတ်များကို ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြု
ခြင်းမပြုရဟူ၍လည်းကောင်း ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ
၁၉၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၁) အရ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး
သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ
စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များကို ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရဟူ၍
လည်းကောင်းပါရှိပါတယ်။ သို့သော်လည်း မြို့နယ်အဆင့် ဌာနတာဝန်ခံများဟာ မိမိတို့အား အပ်နှင်း
ထားသော လုပ်ပိုင်ခွင့်အပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ခန့်မှန်းခြေများ၊ အပြီးပြတ်
ရန်ပုံငွေများ ရေးဆွဲတင်ပြတောင်းခံသော်လည်း ရရှိမှုမရှိကြောင်း လေ့လာတွေ့သိရှိရပါတယ်။ အခုလို
ဌာနဆိုင်ရာများရဲ့ လက်တွေ့အခက်အခဲကို ဖြေရှင်းပေးနိုင်ခြင်းမရှိလျှင် နိုင်ငံတော်အကြီးအကဲများ
မျှော်မှန်းထားသော သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်အပါအဝင် လာဘ်ပေး
လာဘ်ယူမှုကင်းရှင်းရေး၊ ဝန်ထမ်းများအရည်အချင်းအရည်အသွေးမြင့်မားရေးတို့မှာ အလှမ်းဝေးနေ
မည်ဖြစ်ပါတယ်။ သို့ပါ၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများ သာမန်အသုံးအစရိတ်နှင့်ပတ်သက်၍

ခေတ်နှင့်ဆီလျော်သော အသုံးစရိတ်များဖြစ်စေရန် ရန်ပုံငွေခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင်ရဲ့ မေးခွန်းကို ပြည်ထောင်စု ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာမောင်မောင်သိမ်းမှပင် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မေးခွန်းကတော့ မြို့နယ်အဆင့် ဌာနဆိုင်ရာများရဲ့ သာမန်အသုံးစရိတ်များကို ခေတ်ကာလနှင့်လျော်ညီတဲ့ အသုံးစရိတ်များအဖြစ် ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိဟူဖြစ်ပါတယ်။ ဒီမေးခွန်းကလည်း အင်မတန်ကောင်းတဲ့မေးခွန်းဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကိုလည်းပဲ အသေးစိတ်ထင်ဟပ်ပြပြီး နောင်ပေါ်ပေါက်လာမယ့် အကျိုးတရားတွေကိုပါ နောက်ဆက်တွဲအကျိုးတွေကိုပါ ထည့်သွင်းမေးမြန်းထားတဲ့အတွက် အင်မတန်မှ ခိုင်မာတဲ့မေးခွန်းလည်းဖြစ်ပါတယ်။ ဝန်ထမ်းတွေနဲ့ပတ်သက်ပြီးတော့ ခရီးစရိတ်၊ အသုံးစရိတ်နှင့် သာမန်အသုံးစရိတ်ဆိုပြီးတော့ ၃ မျိုးရှိပါတယ်။ ခရီးစရိတ်နှင့်ပတ်သက်လို့ကတော့ ခရီးစရိတ်လက်စွဲနည်းဥပဒေအရ အမှန်ကုန်ကျစရိတ်ကို တင်ပြတောင်းခံခွင့်ရှိပါတယ်။ အမှန်ကုန်ကျစရိတ်တင်ပြတောင်းခံရင်လည်းပဲ ခွင့်ပြုပေးပါတယ်။ နေ့တွက်စရိတ်နှင့်ပတ်သက်လို့ကတော့ နေ့တွက်စရိတ်ဟာ တိုးမြှင့်လာတဲ့အတွက်ကြောင့် ပြုပြင်တာကို ၃ ကြိမ် ကျွန်တော်တို့ လုပ်ပြီးပါပြီ။ ၁၉၇၉ မှာတစ်ကြိမ်တိုးပေးပါတယ်။ ၁၉၈၉ မှာတစ်ကြိမ်တိုးပေးပါတယ်။ ၂၀၁၁ ခုနှစ်မှာတစ်ကြိမ် ၃ ကြိမ်တိုးပေးပါတယ်။ အဲဒီလို ၃ ကြိမ်တိုးပေးတဲ့အတွက်ကြောင့် ၁၀ ကျပ်ကနေ ၁၁၀၀ ကျပ်ဖြစ်သွားပါတယ်။ သို့သော်လည်းပဲ ပြောင်းလဲနေတဲ့အခြေနေအရ ဒါဟာ ကိုယ်စားလှယ်တော်ကြီးတင်ပြသလိုပဲ လုံလောက်မှုမရှိသေးဘူးဆိုတာကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ ဒီအသုံးစရိတ်ကိုလည်းပဲ နိုင်ငံတော်ရဲ့ဘတ်ဂျက်အခြေအနေပေးရင်ပေးသလိုပဲ ပြုပြင်တိုးမြှင့်ပေးသွားဖို့ စေတနာလည်းရှိပါတယ်။ ဆန္ဒလည်းရှိပါတယ်။ သာမန်အသုံးစရိတ်နဲ့ပတ်သက်လို့ကတော့ ဒီသာမန်အသုံးစရိတ်ကို သက်ဆိုင်ရာဌာနအဖွဲ့အစည်း အဆင့်ဆင့်ကနေပြီးတော့ လျာထားသတ်မှတ်ပေးပါတယ်။ အဲဒီ

လျာထားသတ်မှတ်ချက်တွေကိုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကနေပြီး အဆင့်တိုးမြှင့်ပေးလျက်ရှိပါကြောင်း လေးစားစွာတင်ပြဖြေဆိုအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်တွင်း ကြွေးမြီပေးဆပ်ရေးအတွက် မည်သို့စီမံဆောင်ရွက်နေကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းမှ နိုင်ငံခြား ကြွေးမြီ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံခန့်နှင့် ပြည်တွင်းကြွေးမြီ ကျပ် ၉.၉ ထွီလီယံခန့်ရှိကြောင်း ပြောကြားသွားပါတယ်။ ပြည်တွင်းလည်ပတ်ငွေကတော့ ၆ ထွီလီယံရှိကြောင်းသိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လက်ထဲမှာရှိတဲ့ငွေထက် အကြွေးတွေက ပိုများနေပါတယ်။ နိုင်ငံခြားကြွေးမြီပေးဆပ်ရေးလျှော့ပေါ့ပေးရေး၊ လျှော်ပစ်ရေးစသည်ဖြင့် ကိစ္စတွေကို ပြည်ထောင်စုလွှတ်တော်မှာ လာရောက်တင်ပြဆောင်ရွက်နေတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ပြည်သူ့တွေက သိရှိရပါတယ်။ သို့သော်လည်း ပြည်တွင်းကြွေးမြီပေးဆပ်ရေးအတွက် ဘယ်လိုဆောင်ရွက်နေတာ မသိရှိရတဲ့အတွက် ၎င်းကိစ္စသိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေရဲ့မေးခွန်းကို ပြည်ထောင်စုဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာ

မောင်မောင်သိမ်းမှပင် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မေးခွန်းကတော့ ပြည်တွင်းကြွေးမြီပေးဆပ်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်နေကြောင်း သိရှိလိုပါတယ်ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ နိုင်ငံတိုင်းမှာ အကြွေးတွေရှိတယ်ဆိုတာတော့ အထူးပြောစရာမလိုပါဘူး။ စီးပွားရေးအကြီးဆုံးဆိုတဲ့နိုင်ငံတောင်မှ အမေရိကန်ဒေါ်လာ ၁၆ ထရီလီယံကျော်လောက် အကြွေးရှိနေပါတယ်။ နိုင်ငံတွေမှာရှိတဲ့ကြွေးကို ပြည်တွင်းကြွေး၊ ပြည်ပကြွေး ဆိုပြီးတော့ ခွဲခြားနိုင်တယ်ဆိုတာလည်းအားလုံးအသိပဲဖြစ်ပါတယ်။ ပြည်ပအကြွေးကတော့ ရှင်းပါတယ်။ ပြည်ပနိုင်ငံတွေ၊ အဖွဲ့အစည်းတွေဆီကနေယူထားတဲ့အကြွေးဖြစ်ပါတယ်။ ပြည်တွင်းအကြွေးဆိုတာကတော့ အမှန်တကယ်မှာ နိုင်ငံအစိုးရတွေအနေနဲ့ ပြည်သူတွေဆီကနေချေးယူထားတဲ့ အကြွေးဖြစ်ပါတယ်။ နိုင်ငံတကာဘဏ္ဍာရေးလောကမှာကတော့ ဒီပြည်တွင်းကြွေးကို ဘုရင်ရဲ့အကြွေးကို နိုင်ငံခြားစကားလုံးသုံးစွဲခွင့်ပြုပါ။ **စောပရီ** and Debt ဆိုပြီးတော့ခေါ်ပါတယ်။ နိုင်ငံအစိုးရကနေ ပြည်သူတွေဆီကနေ ဘယ်လိုအကြွေးယူသလဲ။ ဘယ်လိုပုံစံနဲ့ယူသလဲဆိုရင်တော့ နိုင်ငံအစိုးရတွေအနေနဲ့က ပြည်သူတွေကို ငွေတိုက်စာချုပ်တွေထုတ်ရောင်းချခြင်းနည်းလမ်းနဲ့ ပြည်သူတွေဆီကနေ အကြွေးယူတာဖြစ်ပါတယ်။ ငွေတိုက်စာချုပ်ဝယ်ထားတဲ့ပြည်သူတစ်ယောက်ဟာ နိုင်ငံတော်ကို အကြွေးပေးထားတဲ့သဘောဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာကတော့ ငွေတိုက်စာချုပ်တွေကို ၂ နှစ်သက်တမ်း၊ ၃ နှစ်သက်တမ်း၊ ၅ နှစ်သက်တမ်းနဲ့ အနိမ့်ဆုံး ၁၀၀၀၀ ကနေ ကျပ် ၁၀ သန်းအထိ ဝယ်လို့ရပါတယ်။ ၂ နှစ်သက်တမ်းနဲ့ ဝယ်ထားတဲ့ ပြည်သူတစ်ယောက်အနေနဲ့ နိုင်ငံတော်ကို ၂ နှစ်ငွေချေးထားတဲ့ သဘောဖြစ်ပါတယ်။ ၂ နှစ်ပြည့်တာနဲ့သူရသင့်ရထိုက်တဲ့ အတိုးနှင့်အရင်းတွေကိုလည်း နိုင်ငံတော်က ပြန်ပြီးတော့ပေးပါတယ်။ ပြည်တွင်းကြွေးမြီတွေကိုတော့ နှစ်ပြည့်တဲ့အခါမှာ အတိုးနှင့်အရင်းကို ပေးခြင်းအားဖြင့် တဖြည်းဖြည်းတဖြည်းဖြည်း ပေးဆပ်သွားနေပါကြောင်း လေးစားစွာ တင်ပြရှင်းလင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်းဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင့်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကွန်ဟိန်းမြို့နယ်မှာ မြို့နယ်အတွင်း လူဦးရေများပြားသော်လည်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍကို များစွာအထောက်အကူပြုနိုင်သော နိုင်ငံတော်ပိုင်မြို့နယ်စီမံကိန်းရေးဆွဲရေးရုံး ကိုယ်ပိုင်အဆောက်အဦ မရှိသေးပါဘူး။ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ ၂၀-၁-၂၀၁၁ ရက်စွဲပါ မြေပေးမိန့်အမှတ် (၁/၂၀၁၁) ဖြင့်မြေရရှိပြီးဖြစ်ပေမယ့် မိမိကိုယ်ပိုင်အဆောက်အဦ မရှိသေးလို့ အခက်အခဲများစွာ ကြုံတွေ့နေရကြောင်းကိုလည်း ကြားသိခဲ့ရပါတယ်။ မြို့နယ်ဒေသခံများက နိုင်ငံတော်အတွက် များစွာအထောက်အကူနိုင်တဲ့ စီမံကိန်းရေးဆွဲရာမှာ မှန်ကန်တိကျရေးအတွက် မြို့နယ်အတွင်းရှိ အချက်အလက် Data များကို ခိုင်မာလျင်မြန်စွာ စုစည်းတွက်ချက်နိုင်ရန် မြို့နယ်စီမံကိန်းရေးဆွဲရေးရုံး အဆောက်အဦကို အလျင်အမြန်ရလိုကြောင်း ဆန္ဒပြုလာတဲ့ အတွက်ကြောင့် ပြည်သူများရဲ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းများမှာကွန်ဟိန်းမြို့နယ် မြို့နယ်စီမံကိန်းရေးဆွဲရေးရုံး အဆောက်အဦဆောက်လုပ်ရန် အစီအစဉ်ရှိပါသလား။ အဆောက်အဦ ဆောက်လုပ်ရန် ၂၀၁၃-၂၀၁၄ ခုနှစ် ဘတ်ဂျက်တွင် ထည့်သွင်းပေးနိုင်ပါမည်လား။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘတ်ဂျက်တွင် မထည့်သွင်းနိုင်သေးဘူးဆိုပါက အဘယ်ကြောင့်နည်း။ မည်သည့်အချိန် ကာလတွင် တည်ဆောက်ရန် စီစဉ်ထားပါသနည်း။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုမေးမြန်းတဲ့ ကွန်ဟိန်းမြို့နယ် စီမံကိန်းရေးဆွဲရေးရုံး အဆောက်အဦဆောက်လုပ်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် ပတ်သက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော့်အနေနဲ့

ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ကွန်ဟိန်းမြို့နယ် မြို့နယ်စီမံကိန်းရုံး ဆောက်လုပ်ရေး အစီအစဉ်ရှိပါကြောင်းနှင့် အဆောက်အဦ ဆောက်လုပ်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်း ရေးဆွဲထားပြီဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ထို့အပြင် ရှမ်းပြည်နယ်အတွင်း ရှမ်းပြည်နယ် စီမံကိန်းဦးစီးရုံးများအနေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကွန်ဟိန်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ကျေးသီးမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုင်းရှန်မြို့နယ်များတွင် မြို့နယ်စီမံကိန်းဦးစီးရုံးများကို တစ်ရုံးလျှင် ကျပ်သိန်း ၅၀၀ ဖြင့် ဆောက်လုပ်ရန်လျာထားပါကြောင်းနှင့် အဆောက်အဦဆောက်လုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် Open Tender စနစ်ဖြင့် ဆောက်လုပ်ရန်စီစဉ်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ပြည်သူ့ဝန်ထမ်းများအား ယနေ့ခေတ်နှင့်လျော်ညီသော ထိုက်တန်သည့် ရာထူးအဆင့်အတန်းအလိုက် ဝန်ထမ်းခံစားခွင့်များ စီစဉ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့ကြွရောက်လာကြပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်းဦးစွာ ပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အခြေခံမူများရဲ့ အခန်းကဏ္ဍမှာ ပုဒ်မ ၂၆(ခ)မှာ နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးဝန်ထမ်းများရဲ့ မီးဖွားခြင်းဆိုင်ရာ ခံစားခွင့်ရရှိရေးနှင့် အငြိမ်းစား ဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေးအတွက် လိုအပ်သည်များကို ဥပဒေပြဋ္ဌာန်းရမယ်လို့ ပါရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၇ မှာ နိုင်ငံတော်ဆိုတာဟာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှု အခွင့်အာဏာကို ကျင့်သုံးတဲ့ အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်ကို ဆိုလိုတယ်လို့ ဖွင့်ဆိုထားပါတယ်။ ဒါကြောင့် စီမံခန့်ခွဲမှုအာဏာကို ကိုင်စွဲတဲ့ အစိုးရအဖွဲ့နှင့် ဥပဒေပြုအာဏာကို ကိုင်စွဲတဲ့

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာလည်း အခြေခံဥပဒေပုဒ်မ ၂၆(ခ) မှာပါတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ အခွင့်အရေးနှင့် ခံစားခွင့်တွေကို ရရှိဖို့အတွက် ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ မှတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတကြီး မိန့်မှာတဲ့ သန့်ရှင်းသောအစိုးရဖြစ်ဖို့ဆိုရင် ကောင်းမွန်သော စီမံခန့်ခွဲမှုလုပ်ရမှာဖြစ်တဲ့အတွက် မကြာမီမှာ အဂတိလိုက်စားမှုဥပဒေတွေလည်းပေါ်လာမယ်။ လာဘ်ပေးလာဘ်ယူတိုက်ဖျက်မှုအတွက် လျှော့နည်းပပျောက်အောင်ဆောင်ရွက်တဲ့နေရာမှာ တရားမျှတမှုရှိဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆(င) မှာ ပါတဲ့ နိုင်ငံတော်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ပိုမိုထွန်းကားရေးဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားဖို့လိုအပ်မယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် တရားမျှတခြင်း၊ ညီမျှခြင်းဖြစ်အောင် ပြည်သူ့ဝန်ထမ်းများကို လုံလောက်သော လစာနှင့် နေအိမ်၊ ယာဉ်ကား၊ စက်သုံးဆီကို စီစဉ်ပေးဖို့ တာဝန်ရှိပါတယ်။ ဒါမှသာ ပြည်သူ့ဝန်ထမ်းတွေဟာ နိုင်ငံတော်ရဲ့တာဝန်ကို လေးစားပြီးတော့ အလေးထားမှာ ဖြစ်ပါတယ်။ အဲ့ဒီလို စီမံပေးမှသာ ကျွန်တော်တို့ ပြောနေတဲ့ ကောင်းမွန်တဲ့စီမံခန့်ခွဲမှုဖြစ်ပြီးတော့ သန့်ရှင်းသောအစိုးရဖြစ်ဖို့အတွက် အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ရှေ့မှာမေးသွားတဲ့ ဦးရဲထွန်းနှင့် ဦးတင်မောင်ကြိုင်တို့ ပြောသွားသလိုပါပဲ ကျွန်တော်တို့ အောက်ခြေမြို့နယ်အဆင့်တွေမှာ၊ ခရိုင်အဆင့်တွေမှာ လုံလောက်မှုမရှိတာတွေ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ တကယ်တမ်းပြောမယ်ဆိုရင်တော့ သန့်ရှင်းသောအစိုးရဖြစ်ဖို့အတွက် ကောင်းမွန်သော စီမံခန့်ခွဲမှုများလိုအပ်နေပါတယ်။ ဒါဘာကြောင့်ပြောရသလဲဆိုရင် စီမံခန့်ခွဲမှုအပိုင်းမှာ လွဲချော်မှုလို့လည်း ပြောလို့ရပါတယ်။ လစာမလုံလောက်လို့၊ လစာက အိမ်ငှားတာနဲ့ကုန်သွားပြီဆိုတာနဲ့ အကြောင်းပြချက်တွေနဲ့ လာဘ်ပေးလာဘ်ယူကျူးလွန်တာတွေ၊ ယာဉ်ကားတွေ၊ စက်သုံးဆီတွေကို လုပ်ငန်းနှင့်ဆက်စပ်တဲ့ သူတွေဆီကနေအကူအညီတောင်းတဲ့အတွက်ကြောင့် မျက်နှာလိုက်ရတယ်။ မျက်နှာလိုက်ရတော့ အဂတိလိုက်စားမှုပဲဖြစ်ပါတယ်။ ဌာနဆိုင်ရာမှာ စာရွက်စာတမ်းတွေကို မလုံလောက်တဲ့အတွက်ကြောင့် အလှူခံတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာလည်း စာရင်းမဝင်၊ တရားမဝင်ဖြစ်တဲ့အတွက်ကြောင့် လာဘ်ပေးလာဘ်ယူကျူးလွန်ခြင်းလည်းမည်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးအတွက် အစဉ်တစိုက်ပြောဆိုနေကြပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့ဝန်ထမ်းများအား တိကျစွာအရေးယူမှုမပြုလုပ်မီ ဒီနေ့ခေတ်ကာလနှင့် လျော်ညီသော ထိုက်တန်သည့်လစာ၊ နေအိမ်၊ ရာထူးအဆင့်အတန်းအလိုက်၊ ဆိုင်ကယ်၊ ကားခံစားခွင့်များ၊ အခြားသောဝန်ထမ်းခံစားခွင့်များကို စီစဉ်ပေးမှသာ တရားမျှတမှုရှိမည်ဟု ထင်မြင်မိပါသဖြင့်

ထိုသို့စီစဉ်ပေးရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုပါကြောင်း ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကံဇော်(ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးတင်သွင်းသည့် ပြည်သူ့ဝန်ထမ်းများအား ယနေ့ခေတ်ကာလနှင့်လျော်ညီသော ထိုက်တန်သည့်လစာ၊ နေအိမ်၊ ရာထူးအဆင့်အတန်းအလိုက် ဆိုင်ကယ်၊ ကားစသည့် ခံစားခွင့်များ၊ အခြားသောဝန်ထမ်းခံစားခွင့်များ စီစဉ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆက်လက် ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ပြည်သူ့ဝန်ထမ်းများ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများအရ တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ အလုပ်တည်မြဲခွင့်၊ ရာထူး၏လစာခံစားခွင့်၊ နှစ်တိုးခံစားခွင့်၊ အချိန်မစေ့မီနှစ်တိုးခံစားခွင့်၊ ရာထူးတိုးမြှင့်ခြင်းခံစားခွင့်၊ ဆေးဝါးကုသမှုခံယူခွင့်၊ ဒေသစရိတ်ခံစားခွင့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းဆောင်ရွက်ရန် သတ်မှတ်ထားသည့် ဒေသများတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား လစာနှစ်ဆခံစားခွင့်နှင့် ခွင့်ခံစားခွင့်များရရှိပြီး ဖြစ်ကြပါတယ်။ ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများတွင် နေအိမ်၊ မော်တော်ယာဉ်၊ ကား၊ မော်တော်ဆိုင်ကယ်စသည့် အသုံးအဆောင်များကို ဝန်ထမ်း၏ တာဝန်ထမ်းဆောင်မှုအရ ခံစားခွင့်ပြုခြင်းနှင့်ပတ်သက်၍ ရေးသားဖော်ပြထားခြင်းမရှိပါ။ သို့ရာတွင် နေပြည်တော်ဒေသ၌ ဝန်ထမ်းများအားလုံးအတွက် ဝန်ထမ်းအိမ်ရာများစီစဉ်ပေးခြင်း၊ ဝန်ထမ်းများသွားလာရေးအဆင်ပြေချောမွေ့စေရန်အတွက် ရုံးတက်ရုံးဆင်း မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ အရာထမ်းဝန်ထမ်းများအား လုပ်ငန်းလိုအပ်ချက်အရ တယ်လီဖုန်းများစီစဉ်ပေးခြင်းနှင့် ဌာနပိုင်မော်တော်ယာဉ်များ စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးထားပါတယ်။ နေပြည်တော်ဒေသမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆောက်လုပ်

ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ရေးအခက်အခဲရှိသည့် ဝန်ထမ်းများအတွက် အိမ်ခန်းများစီစဉ်ထားရှိပါတယ်။ ထို့အပြင် ဝန်ထမ်းများနေထိုင်ရေးအထူးခက်ခဲသည့်ဒေသများတွင်လည်း ဝန်ကြီးဌာနအနေဖြင့် မိမိတို့ရရှိသည့် ဘတ်ဂျက်ခွဲဝေချထားငွေအရ ဝန်ထမ်းအိမ်ရာများစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဲ့သို့ ၂၄ နာရီတာဝန်ရှိသည့်ဌာနများတွင် ဝန်ထမ်းများအတွက် အိမ်ခန်းများကို တစ်ပါတည်း စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ အလားတူပင် ပြည်သူ့ဝန်ထမ်းများ သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ကြီးဌာနများအလိုက် မိမိဌာနစွမ်းဆောင်နိုင်မှုအနေအထားအရ မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းများ ရှိပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ မေးပါရစေ။ ဒါက ရှိပြီးသား ဥပဒေမှာ ပါနေတာကိုပဲ ပြောခြင်းဖြစ်ပါတယ်။ တကယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆ (ခ)နှင့် ၄၇ ကို ထောက်ထားပြီးတော့ ကျွန်တော်တို့ဟာ နိုင်ငံတော်အစိုးရနှင့် လွှတ်တော်ဟာ ဝန်ထမ်းတွေရဲ့ ခံစားခွင့်ကို မရှိလိုအပ်နေတာရှိပါတယ်။ တကယ်တမ်း ဆိုင်ကယ်တွေနဲ့သွားကြတယ်။ တကယ်တမ်း ဆီဖိုးမရှိဘူး။ ဆီဖိုး မရှိတဲ့အခါကျတော့ ရှင်းရှင်းပြောလို့ရှိရင်တော့ နယ်တွေကို ဆင်းတဲ့အခါမှာ အချို့ဟာ နယ်ကနေပြီးတော့ ပေးရတာတွေရှိတယ်။ စာရေးကိရိယာတွေလည်း တကယ်တမ်းလုံလောက်မှုမရှိဘူး။ လုံလောက်မှုမရှိတာတွေကို လုံလောက်မှုရှိအောင် ဘတ်ဂျက်တွေရေးဆွဲတဲ့အခါမှာ ပြည့်ပြည့်စုံစုံရေးဆွဲဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရနဲ့ လွှတ်တော်မှာ တာဝန်ရှိတဲ့အတွက်ကြောင့် တကယ်လို့ လိုအပ်ရင်လည်း ဥပဒေတွေကို ပြဋ္ဌာန်းပေးရမယ်။ အမိန့်ညွှန်ကြားချက်တွေ ထုတ်ပေးဖို့ လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတဲ့အတွက်ကြောင့် ထပ်မံတင်ပြခြင်း ဖြစ်ပါတယ်။ လေးစားပါတယ်ခင်ဗျား။

**ဒေါက်တာကံဇော်(ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြဆွေးနွေးသွားတဲ့အတိုင်း ကျွန်တော်တို့အနေနဲ့ ဘတ်ဂျက်များ လျာထားတဲ့အခါမှာ သက်ဆိုင်ရာဘတ်ဂျက်ခေါင်းစဉ်အလိုက် စက်သုံးဆီဖိုးအပါအဝင် ဘတ်ဂျက်လျာထားခြင်း နှစ်စဉ်ပုံသဏ္ဍာန်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်

ကြီးဆွေးနွေးသွားတဲ့အတိုင်း နယ်များတွင်လည်းကောင်း၊ သက်ဆိုင်ရာဦးစီးဌာနများတွင်လည်းကောင်း၊ ဝန်ကြီးဌာန များတွင်လည်းကောင်း စက်သုံးဆီဖိုးများ ပြည့်စုံစွာ လျာထားဆောင်ရွက်နိုင်ပါကြောင်းနှင့် လျာထားမှုများအပေါ်မှာ သက်ဆိုင်ရာဘတ်ဂျက်ကို တာဝန်ယူရေးဆွဲလျက်ရှိတဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်သွားနိုင်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အခမ်းနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီ ခင်ဗျား။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်မှာ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာ တင်မောင်ကြိုင်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ဒီလွှတ်တော်ကိုယ်စားလှယ် သုံးဦးရဲ့မေးခွန်းများဟာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့ မေးခွန်းများဖြစ်တယ်လို့ လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ် ပါတယ်။ ဒါ့ကြောင့်မေးခွန်းများနဲ့ ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းမှာ ထည့်မှာ ဖြစ်ကြောင်း၊ နည်းဥပဒေ ၁၁၂ အရ လွှတ်တော်သို့တင်ပြပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ ပုသိမ်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်က အဆိုတင်သွင်းဖို့တင်ပြထားတာ ရှိပါတယ်။ ဒါ့ကြောင့် ဦးဝင်းမြင့်ပုသိမ်မဲဆန္ဒနယ်က အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာတဲ့ လူကြီးမင်းများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီးပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတတဲ့ တရားစီရင်ရေးဖြစ်ထွန်းစေရန် တရားသူကြီးအမှုသည်များနဲ့ သက်သေများ ကျမ်းသစ္စာကျိန်ဆိုရေးအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ တရားစီရင်ရေးကို ထုံးမှန်နည်းကျ အထောက်အကူဖြစ်စေရန် တရားရုံးများလက်စွဲဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ယင်းတရားရုံးများလက်စွဲမှာ လမ်းညွှန်ချက်များကို တရားရုံးအသီးသီးက ကောင်းစွာလိုက်နာကျင့်သုံးကြရပါတယ်။ ယင်းတရားရုံးများရဲ့ လက်စွဲ အပိုဒ် ၇၅ မှာ ကျမ်းသစ္စာအက်ဥပဒေပုဒ်မ ၇ အရ ကျမ်းသစ္စာကျိမ်ဆိုရန်နှင့် ကတိသစ္စာဆိုရန်များကို ပြဋ္ဌာန်းထားပါတယ်။ ခရစ်ယာန်ဘာသာဝန်၊ ဖာရစီဘာသာဝင်၊ ဗုဒ္ဓဘာသာနှင့် တရုတ်လူမျိုး သက်သေများအတွက် စကားပြန်များအတွက် ဂျူရီလူကြီးများအတွက်

ကျမ်းသစ္စာကို ကိုင်၍ ကျိမ်ဆိုခြင်း၊ကျမ်းသစ္စာကို ကျိမ်ဆိုရန်သဘောမတူသော မည်သည့်ဘာသာဝင်မဆိုဖြစ်တဲ့ သက်သေများအတွက် စကားပြန်များအတွက် ဂျူရီလူကြီးများအတွက် ကတိသစ္စာဆိုခြင်းတို့ကို လမ်းညွှန်မှုပြုထားပါတယ်။ ကျိန်ဆိုမြဲကျမ်းသစ္စာတွင် ပါရှိတဲ့ အနှစ်သာရအကျဉ်း ချုပ်ကို တင်ပြရပါလျှင် မဟုတ်မမှန်ထွက်ဆိုပါက သာသနာတော်စောင့်နတ်၊ လောကပါလနတ်၊ ပြည်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့ရဲ့ ဘေးသင့်ပြီးသေစေခြင်း၊ ရေဝယ်သွားလည်း ရေနေအပေါင်း မိချောင်း လင်းပိုင်တို့ရဲ့ ဘေးသင့်ပြီးသေစေခြင်း၊ ကြည်းဝယ်သွားလည်း သစ်ကြားဆင်ရဲ၊ မြွေပွေး၊ မြွေဟောက်တို့ရဲ့ ဘေးသင့်ပြီးသေစေခြင်း၊ သွေးခဲ၊ သွေးနက် ပွက်ပွက်ထွက်၍ သေစေခြင်း၊ သားမြေးဥစ္စာကုန်အောင်မကြွင်း ပျက်စီးခြင်း၊ သေတုံငြားလည်း ငရဲကြီးရှစ်ထပ် အပယ်လေးပါးလားစေခြင်း၊ ဟုတ်မှတ်စွာထွက်ဆိုပါက နတ်ကောင်းနတ်မြတ် နတ်အပေါင်းတို့က ကောင်းသောကြည့်ခြင်းဖြင့်ကြည့်မြင်ကြလျှက် စောင့်ရှောက်တော်မူကြပြီး ကာယသုခ၊ စိတ္တသုခ၊ ချမ်းသာဖြစ်စေသတည်း။ ကြမ္မာအပေါင်း၊ ဘေးအပေါင်း၊ ပြစ်ရန်ဟူသမျှ ရောဂါအနာမျိုးတို့သည် မထိမရောက်မကပ်မညီ ချမ်းသာသည့်ပြီးပြည့်စုံသတည်း။ သားမြေးဥစ္စာ ရတနာမျိုးတိုးတက် ချမ်းသာမင်္ဂလာအပေါင်း ကောင်းမြတ်သော ကျက်သရေ၊ တက်နေအဆင်း ဆန်းလမြင့်သို့ ဖြစ်စေ သတည်း။ ထိုမှတပါး သေတုံသော်လည်း အပယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုး ငါးပါး တို့ မလားမကပ် မရောက်သည်ဖြစ်၍ လူ့ပြည်နတ်ရွာ နိဗ္ဗာန်ချမ်းသာကြီး သုံးပါးကို ရစေ သတည်းဆိုပြီး ပါရှိပါတယ်။ ဒါဟာ မှန်ကန်စွာထွက်ဆိုပါက ရရှိမည့်အကျိုးနဲ့ မမှန်မကန် ထွက်ဆိုပါက ရရှိမယ့်အဆိုးများ ဖြစ်ပါတယ်။ တရားစီရင်ရေး တော်သင့်မှန်ကန်စေဖို့ ရည်ရွယ် ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါပေမယ့် တရားရုံးများလက်စွဲမှာ ပါရှိတဲ့ ဟိန္ဒူဘာသာဝင်၊ မဟာမေဒင်ဘာသာဝင်နှင့် ကျမ်းသစ္စာကျိန်ဆိုရန် သဘောမတူတဲ့ မည်သည့်ဘာသာဝင်မဆိုများ နှင့် ပတ်သတ်ပြီး သက်သေများအတွက် စကားပြန်များအတွက် ဂျူရီလူကြီးများအတွက် ကတိ သစ္စာဆိုခြင်းတို့ကိုလည်း လမ်းညွှန်ထားရှိပါတယ်။

ကျမ်းသစ္စာကျိန်ဆိုရန် သဘောမတူတဲ့ မည်သည့်ဘာသာဝင်မဆိုလို့ ပါရှိတဲ့အတွက် ဒီအခွင့်အရေးကိုယူပြီး အမှုသည်များ၊ သက်သေများ၊ အထူးသဖြင့် အစိုးရဝန်ထမ်းများနဲ့ ရဲအရာရှိ သက်သေများဟာ ကျမ်းကျိန်ဆိုခြင်းမရှိပဲ ကတိသစ္စာကိုပဲ ပြုကြတာ တွေ့ရပါတယ်။ ကတိသစ္စာပြုချက်ဟာ မှန်ကန်တဲ့ ထွက်ဆိုချက်ရဖို့ အမှုမှန်ပေါ်ပေါက်ဖို့ အလွန်ပဲ အားနည်းလှပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် ပိုဆိုးတာက အမှုတစ်ခုကို အဆုံးအဖြတ်ပြုမယ့် တရားသူကြီးများ ဟာ တရားခွင်မှာ တရားစီရင်တဲ့အခါ ကျမ်းသစ္စာကျိန်ဆိုခြင်းလည်း မရှိ၊ ကတိသစ္စာပြုခြင်းလည်း

မရှိကြတာပဲ ဖြစ်ပါတယ်။ ဒါဟာမှန်ကန်မျှတတဲ့ တရားစီရင်ရေးဖြစ်ဖို့ အထိန်းအကွပ် မရှိသလို ဖြစ်နေပါတယ်။ တရားခွင်တက်တိုင်း၊ အမှုစစ်ဆေးတိုင်း ကျမ်းသစ္စာကျိန်ဆိုရန် မလိုအပ် သော်လည်း အမှုသစ်တစ်ခု စတင်စစ်ဆေးတဲ့အချိန်မှာ ကျမ်းသစ္စာကျိန်ဆိုရန် လိုအပ်ပါတယ်။ ဒီလို ကျိန်ဆိုနိုင်ရန် တရားရုံးများလက်စွဲတွင်လည်း ထပ်မံဖြည့်သွင်းပေးဖို့လိုအပ်ပါတယ်။ အမှုသည် များ၊ သက်သေများ၊စကားပြန်များက ကျမ်းကျိန်ဆိုကြရပြီး တရားသူကြီးများ အစိုးရ ဝန်ထမ်းများနဲ့ ရဲအရာရှိသက်သေများက ကျမ်းကျိန်ဆိုခြင်းမရှိကြတဲ့ အခါကျတော့ တရားစီရင်ရေး မဏ္ဍိုင် ယိမ်းယိုင်နေရတာ ဒီပုဂ္ဂိုလ်ကြောင့်လို့ ပြည်သူများက စွပ်စွဲပြစ်တင်မှုလည်း ခံရသလို ယုံကြည်မှု ကင်းမဲ့မှုများကိုလည်း ကြားနေရပါတယ်။ အမှုတစ်ခုကို ဥပဒေပြဋ္ဌာန်းချက် များနှင့်အညီ ဟုတ်တိုင်းမှန်စွာ ဆုံးဖြတ်နိုင်ဖို့ ပြည်သူများယုံကြည်မှု ရရှိစေဖို့ တရားသူကြီးများ အနေနဲ့လည်း ခုနကပြောသလို ကျမ်းသစ္စာကျိန်ဆိုရန် BCM မှာပြဋ္ဌာန်းပြီးတော့ အခြေအနေ၊ အချိန်အခါအရ အမှန်တကယ်လိုအပ်နေတာကို တွေ့ရှိရပါတယ်။ အများပြည်သူယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန် တရားမျှတတဲ့ တရားစီရင်ရေး ဖြစ်ထွန်းစေရန် ကျမ်းသစ္စာအက်ဥပဒေပုဒ်မ ၆ အရ ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုရသော ဟိန္ဒူဘာသာဝင်နှင့် မဟာမေဒင်ဘာသာဝင် သက်သေ များ၊ ဂျူရီလူကြီးများ၊ စကားပြန်များမှအပ ကျန်ဘာသာဝင်တရားသူကြီးများ၊ အမှုသည်များ၊ သက်သေများ၊ စကားပြန်များအားလုံးဟာ အမှုသစ်တစ်ခုကို စတင်စစ်ဆေးစီရင်တဲ့အခါ တရားခွင် ရှေ့မှာ အမှုသည်သက်သေနှင့် ပြည်သူလူထုကို မဏ္ဍိုင်ပြု၍ ကတိသစ္စာကိုမပြုကြပဲ ကျမ်းသစ္စာ ကိုကိုင်ပြီး မဖြစ်မနေကျိန်ဆိုရေးအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ထောက်ခံမည့်သူအား ဖိတ်ခေါ်ပါတယ်။

ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မက ပုသိမ် မဲဆန္ဒနယ်မှ ဦးဝင်းမြင့် တင်သွင်းသောအဆိုကို ထောက်ခံသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင် ယနေ့ ကျွန်မတို့နိုင်ငံမှာ ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရ ဖြစ်အောင် ကြိုးစားဆောင် ရွက်ချိန်မှာ တရားဥပဒေစိုးမိုးရေးအတွက် တရားစီရင်ရေးကဏ္ဍသည် အထူးအရေးပါသော ကဏ္ဍတစ်ခုအဖြစ် အစိုးရရဲ့ ယန္တရားလည်ပတ်မှု အားကောင်းအောင် ပံ့ပိုးကူညီပေးရမှာ ဖြစ်ပါတယ်။ အဲလိုကူညီရာမှာ အများပြည်သူထင်သာမြင်သာ ရှိစေမယ့် အချက်ကတော့ တရား စီရင်ရာမှာ တရားသူကြီးအပါအဝင် အမှုသည်များ၊ သက်သေများက

တရားရုံးမှာ မှန်ကန်စွာ ထွက်ဆိုပါမည်ဟူသော ဆောင်ရွက်ချက်ပဲ ဖြစ်ပါတယ်။ တရားသူကြီးများ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မှုသည် အရေးပါသော အချက်ဖြစ်ပါတယ်။ ကျွန်မတို့တတွေဟာ တရားသူကြီးများ တရားခွင်မတက်ခင် ကျမ်းသစ္စာကျိန်ဆိုမှုကို တစ်ကြိမ်တစ်ခါမှ တွေ့မြင်ခဲ့ရခြင်း၊ သိရှိခဲ့ရခြင်း မရှိခဲ့ပါ။ အမှုသည်များ သက်သေများမှလည်း ကျမ်းသစ္စာမဆိုပဲ ကတိသစ္စာ ပြုနေတာကို တွေ့ရပါတယ်။ တရားရုံးများလက်စွဲ၌ ကျမ်းသစ္စာကျိန်ဆိုရန် ပြဋ္ဌာန်းထား သော်လည်း အပြည့်အဝလိုက်နာမှု မရှိသည်ကို တွေ့မြင်နေရပါတယ်။ ဒါ့ကြောင့်မို့လို့ ပုသိမ်မဲ ဆန္ဒနယ်ဦးဝင်းမြင့်မှ တင်သွင်းသော ပြည်သူများယုံကြည်ကိုးစားအားထားသော ဖြောင့်မတ် မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ ကျမ်းသစ္စာကျိန်ဆိုရေးအဆိုကို အပြည့်အဝထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တင်သွင်း တဲ့ ပြည်သူများယုံကြည်ကိုးစားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေးဖြစ်ထွန်းစေရန် အတွက် တရားသူကြီးများ၊ အမှုသည်နှင့်သက်သေများ ကျမ်းသစ္စာကျိန်ဆိုရေးအဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့အဆိုမှာ ကျမ်းသစ္စာကျိန်ဆိုရမယ့် ပုဂ္ဂိုလ်အမျိုးအစား ၃ မျိုးခွဲခြားပြီးတော့ တင်ပြသွား ပါတယ်။ အဲဒါကတော့ တရားသူကြီးများ အမှုသည်နှင့်သက်သေများဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှေးဦးစွာ အမှုသည်နှင့်သက်သေများ ကျမ်းသစ္စာကျိန်ဆိုရေးနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြ

ပါမယ်ခင်ဗျား။ အမှုသည်နှင့်သက်သေများ ကျမ်းသစ္စာကျိန်ဆိုရေးနှင့်ပတ်သက်ပြီးတော့ ကျမ်းသစ္စာကျိန်ဆိုရေးအက်ဥပဒေဆိုတာ ကျွန်တော်တို့ ပြဋ္ဌာန်းပြီးရှိပါတယ်။ **The Oat Act** လို့ခေါ်ပါတယ်။ **The Oat Act** ပုဒ်မ ၅ မှာ သက်သေများ ဂျူရီလူကြီးများ ကျမ်းသစ္စာကျိန်ဆိုဖို့အတွက် ပြဋ္ဌာန်းထားပါတယ်။ ထို့နည်းတူပဲ **The Oat Act** ကို မှီပြီးတော့ပဲ တရားရုံးများလက်စွဲအပိုဒ် ၇၃ ကနေ ၇၅ အထိမှာလည်း သက်သေများ၊ ဂျူရီလူကြီးများ ကျမ်းသစ္စာကျန်ဆိုရေး၊ ကတိသစ္စာပြုရေးတို့နှင့်စပ်လျဉ်းပြီးတော့ ပြဋ္ဌာန်းထားချက်များရှိပါတယ်။ အပိုဒ် ၇၅ မှာလည်း ခုနက ဦးဝင်းမြင့်တင်ပြသွားတဲ့အတိုင်းပဲ သက်သေများ ကျမ်းကျိန်ဆိုတဲ့နေရာမှာ ဘာသာဝင်အသီးသီးအတွက် လိုက်နာရမယ့် နမူနာပုံစံကျမ်းသစ္စာ ကျမ်းကျိန်ဆိုတဲ့ပုံစံများကိုလည်း ထည့်သွင်းဖော်ပြထားတာကိုတွေ့ရပါတယ်။ ဒါကြောင့် တရားရုံးများကလည်း သက်သေများကျမ်းသစ္စာကျိန်ဆိုခြင်းနှင့်ပတ်သက်ပြီးတော့ တရားရုံးချုပ်က **The Oat Act** ရယ် ကျွန်တော်တို့ တရားရုံးများလက်စွဲအပိုဒ် ၇၃ ကနေ ၇၅ အထိမှာပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ဖို့အတွက် သက်ဆိုင်ရာတရားရုံးအသီးသီးကို ညွှန်ကြားချက်များကို ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ထို့နည်းအတူပဲ တရားရုံးအသီးသီးမှာလည်း အမှုသည်နှင့်သက်သေများကို လက်ရှိအားဖြင့်လည်း တရားရုံးမှာ အမှုစစ်ဆေးတဲ့အခါမှာ ကျမ်းထုပ်ကိုင်ဆောင်စေပြီးတော့ ကျမ်းသစ္စာကျိန်ဆိုပြီးမှသာလျှင် အမှုများကို စီရင်ဆုံးဖြတ်လျက်ရှိပါကြောင်း **The Oat Act** နှင့် တရားရုံးများလက်စွဲပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်လျက်ရှိပါကြောင်းကို တင်ပြအပ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့တင်ပြချင်တဲ့အချက်တစ်ချက်ကတော့ ကျွန်တော်တို့ ခုနက ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့် တင်ပြသွားသလိုပါပဲ ကျွန်တော်တို့ ကျမ်းသစ္စာဥပဒေမှာ ဟိန္ဒူဘာသာဝင်၊ မဟာမေဒင်ဘာသာဝင်ဖြစ်တဲ့ သက်သေတွေ၊ ဂျူရီလူကြီးတွေကိုတော့ ကျမ်းသစ္စာကျိန်ဆိုခြင်း မပြုရဘဲ ကျမ်းသစ္စာကျိန်ဆိုမယ့်အစား ကတိသစ္စာပြုစေရမယ်လို့လည်းကောင်း နောက်တစ်ခါ မည်သည့်ဘာသာဝင်ဖြစ်စေကာမူ ဂျူရီလူကြီး သက်သေတို့ကို ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုလို့လို့ ငြင်းဆိုလာရင်တော့ ကတိသစ္စာပြုနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်ကတော့ ဥပဒေအရ ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ဒီပြဋ္ဌာန်းချက်က အတည်ဖြစ်ပြီးတော့ အဲဒါကို လိုက်နာရမှာ ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ တရားရုံးများအနေနဲ့ကတော့ သက်သေများ ကျမ်းသစ္စာကျိန်ဆိုတာကိုပိုမိုပြီးတော့ လိုလားပါတယ်။ သက်သေများက ကျမ်းသစ္စာကျိန်ဆိုတဲ့အတွက် တရားရုံးများမှာ သက်သေထွက်တဲ့အခါမှာလည်း အမှန်တရားကို ပိုမိုပြီးတော့ ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လက်တွေ့အားဖြင့် တရားစီရင်တဲ့နေရာမှာ သက်သေများက ကျမ်းသစ္စာကျိန်ဆိုကြပါတယ်။ ကတိ

သစ္စာပြုဖို့ ကျမ်းသစ္စာကျိန်ဆိုရန်ငြင်းဆိုပြီးတော့ ကတိသစ္စာပြုလိုတယ်လို့ တင်ပြတာကတော့ သိပ်မရှိ သလောက်နည်းပါတယ်လို့ တင်ပြလိုပါတယ်။ အဲဒီတော့ ဘယ်လိုပဲမည်သို့ပင်ဖြစ်စေကာမူ ကျွန်တော် တရားရုံးများအနေနဲ့ကတော့ ကျမ်းသစ္စာဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်များနဲ့ တရားရုံးများလက်စွဲမှာ ပါတဲ့ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာပြီးတော့က သက်သေများစစ်ဆေးတဲ့အခါမှာ အမှုသည်များကို စစ်ဆေးတဲ့အခါမှာ ဥပဒေနှင့်အညီ ကျမ်းသစ္စာကိုင်ဆောင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်းကို ပထမပိုင်းအနေနဲ့ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ တင်ပြလိုတဲ့အချက်ကတော့ တရားသူကြီးများ အမှုစစ်ဆေးတဲ့နေရာမှာ တရားခွင်တက်တဲ့အခါမှာ ကျမ်းသစ္စာကျိန်ဆိုဖို့ဆိုတဲ့အဆိုပြုချက်ဖြစ်ပါတယ်။ ဒီအဆိုပြုချက်နှင့် ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြရမယ်ဆိုရင်တော့ တည်ဆဲဥပဒေဖြစ်တဲ့ **The Oat Act** ဆိုတဲ့ ကျမ်းသစ္စာကျိန်ဆိုရေးဥပဒေမှာတော့ တရားသူကြီးများက ကျမ်းသစ္စာကျိန်ဆိုရမယ်လို့ ပြဋ္ဌာန်းထား ချက်မရှိပါဘူး။ သို့သော်လည်းပဲ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့က တရားသူကြီးများက ကျမ်းသစ္စာ ကျိန်ဆိုသင့်တယ်လို့ယူဆတဲ့အတွက် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်တဲ့ဥပဒေကြမ်းတစ်ရပ် တင်သွင်းထားတာ ရှိပါတယ်။ အဲဒါက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ဖြစ်တဲ့ ၂၃-၁၁-၂၀၁၂ ရက်နေ့က တင်သွင်းခဲ့ပါတယ်။ အဲဒီတော့ အဲဒီဥပဒေကြမ်းမှာတော့ ပြည်ထောင်စုတရားရုံးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး ပြည်နယ်တရားလွှတ်တော်ချုပ်နှင့် တရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ ဥပဒေအရတည်ထောင်တဲ့အခြားရုံးမှ တရားသူကြီး များဟာ တရားခွင်တက်တိုင်း ပြည်သူ့ရှေ့မှောက်မှာ ဇယား(၁) မှာဖော်ပြထားတဲ့အတိုင်း ကတိ သစ္စာပြုရမယ်လို့ ပြဋ္ဌာန်းဖို့လိုတယ်အကြောင်းကို တင်ပြထားတာရှိပါတယ်။ အဲဒီတော့ အဲဒီ ဥပဒေကြမ်းကိုလည်း ဒီနေ့မှာပဲ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ကာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့လည်းရှိပါတယ်။ ဒါကြောင့် တရားသူကြီးများ ကျမ်းသစ္စာကျိန်ဆိုရေးနှင့် ပတ်သက်ပြီးတော့ ဒီနေ့ တင်ပြတဲ့ဦးဝင်းမြင့်ရဲ့အဆိုကို ဦးသိန်းညွန့်တင်သွင်းတဲ့ ပြည်ထောင်စုတရား စီရင်ရေးကို ပြင်တဲ့ဥပဒေကြမ်းမှာ တစ်ပါတည်းဆွေးနွေးဆုံးဖြတ်မှာဆိုလို့ရှိရင် တစ်ခါတည်း အကျုံး ဝင်ပြီးတော့ အဆင်ပြေနိုင်တဲ့အကြောင်းလည်းတင်ပြပါတယ်။

ဆက်လက်ပြီးတော့ ဒီနေ့ ဦးဝင်းမြင့်တင်ပြသွားတဲ့အတွက် အဲဒါလေးကို အရင် ပထမ ကိုယ်စားလှယ်တော်ကြီးများက စဉ်းစားချင့်ချိန်နိုင်အောင် ပြန်လည်တင်ပြရမယ်ဆိုလို့ရှိရင်

တရားသူကြီးများ တရားခွင်တက်တိုင်း ကျမ်းသစ္စာကျိန်ဆိုရမယ်ဆိုပြီးတော့ ဥပဒေကတော့ မြန်မာနိုင်ငံမှာပြဋ္ဌာန်းထားခြင်းမရှိသေးပါဘူး။ သို့သော်လည်း ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတွေကို တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးစဉ်တုန်းက ဒီတရားသူကြီးများဟာ နိုင်ငံတော်သမ္မတကြီးရဲ့ ရှေ့မှောက်မှာ ကျွန်တော်တို့ ကျမ်းကျိန်ဆိုခဲ့တာ ရှိပါတယ်။ အဲဒီတော့ ပေးအပ်တဲ့တာဝန်ဝတ္တရားများကို မှန်ကန်စွာဆောင်ရွက်ပါမယ်။ အဂတိလိုက်စားခြင်းမရှိဘဲ မှန်ကန်စွာဆောင်ရွက်ပါမယ်ဆိုပြီးတော့ ကျွန်တော်တို့ ကျမ်းသစ္စာကျိန်ဆိုခဲ့တာ ရှိပါတယ်။ ထိုနည်းအတိုင်းပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများကလည်း တိုင်းဒေသကြီး တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးစဉ်အခါမှာ တိုင်းဒေသကြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ ကျိန်ဆိုခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို ကျမ်းသစ္စာကျိန်ဆိုခဲ့တာဟာ တရားသူကြီးတာဝန်ထမ်းဆောင်နေတဲ့ ကာလတစ်လျှောက်လုံးမှာ မိမိတို့ရဲ့တာဝန်ဝတ္တရားများကို ဘက်လိုက်မှုမရှိဘဲ မှန်ကန်စွာဆောင်ရွက်ပါမယ်လို့ ပဋိညာဉ်ပြုရာရောက်ပါတယ်။ ဒီပဋိညာဉ်ဟာဆိုလို့ရှိရင် ဒီတရားသူကြီးတာဝန်ထမ်းဆောင်တဲ့ သက်တမ်းတစ်ခုလုံးအတွက် အကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်။ နိုင်ငံတော်က ဒီလိုကြီးလေးတဲ့တာဝန်များကို ပြည်ထောင်စုတရားသူကြီး၊ တိုင်းဒေသကြီး တရားသူကြီး စသည်ဖြင့် ကြီးလေးတဲ့တာဝန်ဝတ္တရားများကို ယုံကြည်စွာနှင့် ခန့်အပ်တာဝန်ပေးခဲ့ပြီးဖြစ်တဲ့အတွက် တရားသူကြီးများကျိန်ဆိုတဲ့ ကျမ်းကျိန်ဆိုချက်ကိုလည်း ထမ်းဆောင်တဲ့သက်တမ်းတစ်လျှောက်လုံးအတွက် လေးစားလိုက်နာမယ်လို့ ယုံကြည်ရာရောက်ပါတယ်။ ဒါနဲ့ ကျွန်တော်တို့ နမူနာတင်ပြရမယ်ဆိုလို့ရှိရင် တခြားနှိုင်းယှဉ်တင်ပြရမယ်ဆိုလို့ရှိရင်လည်း ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေဟာလည်း နိုင်ငံတော်သမ္မတကြီးရဲ့ ရှေ့မှောက်မှာ ကျမ်းသစ္စာကျိန်ဆိုပြီးဖြစ်တဲ့အတွက် နေ့စဉ်အလုပ်တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အတွက် နေ့စဉ်နှင့်အမျှ ကျမ်းသစ္စာကျိန်ဆိုရန် မလိုသကဲ့သို့ ဖြစ်ပါတယ်။

နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၅ အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာလည်းပဲ ပြည်သူ့လွှတ်တော် သဘာပတိရှေ့မှောက်မှာ တစ်ကြိမ်သာကတိသစ္စာပြုကြရပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ရောက်နေတဲ့ အချိန်တိုင်းမှာ နေ့တိုင်းမှာ ကတိသစ္စာမပြုကြပါဘူး။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ တရားလွှတ်တော်ရှေ့နေများကလည်း တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြု လက်မှတ်ခံယူတဲ့ပွဲမှာ တစ်ကြိမ်ပဲ ကျမ်းသစ္စာကျိန်ဆိုရပါတယ်။ တရားခွင်ရှေ့မှောက်မှာ အမှုလိုက်ပါဆောင်ရွက်တိုင်း ကတိသစ္စာပြုရန်မလိုကြောင်း တွေ့ရပါတယ်။ ထိုနည်းလည်းကောင်း ဆရာဝန်များ စသဖြင့် ခန့်အပ်တဲ့အခါမှာလည်း တစ်ကြိမ်သာလျှင် ကတိသစ္စာပြုတာ

တွေ့ရပါတယ်။ စစ်တရားရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်ပတ်သက်ပြီးတော့ စစ်တရားရုံးထိုင်တဲ့ အခါမှာ ကျမ်းသစ္စာကျိန်ဆိုတဲ့ကိစ္စကိုတင်ပြလိုပါတယ်။ စစ်တရားရုံးမှာ စစ်တရားရုံးဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များက တရားရုံးထိုင်တယ်ဆိုတာဟာ စစ်တရားရုံးဖွဲ့စည်းနိုင်ရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်က ခန့်အပ်တာဝန်ပေးတဲ့အခါမှာ တရားရုံးဖွဲ့စည်းပြီးတော့ ရုံးထိုင်တာဖြစ်ပါတယ်။ စစ်တရားရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဟာ နယ်ဖက်တရားစီရင်ရေးကဲ့သို့ အမြဲတမ်းတရားသူကြီးများ အဖြစ် ခန့်အပ်တာဝန်ပေးခြင်းမဟုတ်ပါဘူး။ ဒါကြောင့် စစ်တရားရုံး ရုံးထိုင်ရန်အတွက် စစ်ဖက် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးတဲ့အခါမှသာ စစ်ဖက်တရားသူကြီးအဖြစ်တာဝန်ဝတ္တရား များကို ဆောင်ရွက်ရပါတယ်။ အဲဒီတော့ မိမိတာဝန်ဝတ္တရားကို ဆောင်ရွက်ပြီးတဲ့အခါမှာ မူလ စစ်ဖက်ဆိုင်ရာတာဝန်များကို ပြန်လည်ထမ်းဆောင်ရပါတယ်။ ဒါကြောင့် စစ်ဖက်တရားသူကြီးများဟာ စစ်တရားရုံးများမှာ ကျမ်းသစ္စာပြုတယ်၊ ကတိသစ္စာပြုတယ်ဆိုတာဟာ ဒီသူ့ရဲ့သက်တမ်း၊ တရားသူကြီးသက်တမ်းအတွင်းမှာ တစ်ကြိမ်သာလျှင် သစ္စာပြုရာရောက်ပါတယ်။ ဒါနဲ့ပတ်သက် ပြီးတော့ ၁၉၅၉ ခုနှစ် တပ်မတော်ဥပဒေပုဒ်မ ၁၃၄ (၁)မှာလည်း အတိအကျပြဋ္ဌာန်းထားတာကတော့ စစ်ဥပဒေအရာရှိ တစ်နည်းအားဖြင့် စစ်တရားရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာ ရှေ့နေများနှင့် သက်သေများ အမှုစစ်ဆေးခြင်းမစတင်မီ ကျမ်းသစ္စာကျိန်ဆိုရပြီးတော့ ဆက်လက်ရုံးထိုင်တဲ့နေ့များမှာ နေ့တိုင်းကျမ်းသစ္စာကျိန်ဆိုရန်မလိုကြောင်း အတိအလင်းပြဋ္ဌာန်းထားတာကို တင်ပြအပ်ပါတယ်။

တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင်လည်း သူဟာ ဒီတစ်မှုအတွက်သာလျှင်မဟုတ်ဘဲနဲ့ သူ့ရဲ့ တရားသူကြီးအဖြစ်ခန့်အပ်တဲ့သက်တမ်းအတွက် တစ်ကြိမ်သာလျှင် ကျမ်းသစ္စာကျိန်ဆိုရမယ်လို့ ကျွန်တော်တို့ ပြဋ္ဌာန်းရာရောက်ပါတယ်။ ဒါကြောင့်မို့လို့ ချုံပြီးတော့ တင်ပြရမယ်ဆိုရင် ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးနှင့် တရားသူကြီးများဟာ တရားသူကြီးအဖြစ် ခန့်အပ်တာဝန် ပေးစဉ်က နိုင်ငံတော်သမ္မတရှေ့မှောက်မှာလည်းကောင်း၊ တိုင်းဒေသကြီးပြည်နယ် လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်မှာလည်းကောင်း ကျမ်းသစ္စာကျိန်ဆိုပြီးဖြစ်တဲ့အတွက် တရားခွင်တက်တိုင်း နေ့စဉ်နှင့်အမျှ ကျမ်းသစ္စာကျိန်ဆိုရန် မလိုတော့ပါကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ အလျဉ်းသင့်၍ နမူနာကိုတင်ပြရမယ်ဆိုရင် ၁၉၄၀ ပြည့်နှစ်တုန်းက လာဘ်ပေးလာဘ်ယူ အကတိလိုက်စား စုံစမ်းရေး ကော်မရှင်ဆိုတာ ဖွဲ့စည်းခဲ့တာရှိပါတယ်။ အဲဒီ လာဘ်ပေးလာဘ်ယူ အကတိလိုက်စား စုံစမ်းရေး ကော်မရှင်ရဲ့အစီရင်ခံစာမှာ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ တင်ပြချက်ကလေး အစီရင်ခံစာမှာ မှတ်ချက်ပြုတာလေးကို အလျဉ်းသင့်၍ တင်ပြလိုပါတယ်။ အစီရင်ခံစာမှာ ဖော်ပြထားတာကတော့

ကျမ်းကျိန်တဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ အချက်တစ်ရပ်ကိုတင်ပြလိုပါတယ်။ အစီရင်ခံစာ အပိုဒ် ၁၃၉ မှာ တရားသူကြီးဟာ ဆိုင်ရာနေ့စဉ်အလုပ်ကို စတင်ဆောင်ရွက်တဲ့အခါတိုင်း ကျမ်းသစ္စာကျိန်ဆို ရပါမူ ၎င်းကျမ်းသစ္စာကျိန်ဆိုခြင်းမှာ အဖိုးမတန်ဖြစ်သွားလိမ့်မည်ဟု ကျွန်ုပ်တို့ထင်မြင်ပါကြောင်း ရထားလက်ခံပြီး ပထမဦးဆုံးအကြိမ် ကျမ်းသစ္စာကျိန်ဆိုရန်အတွက်သာ ဆောင်ရွက်သင့်သည်ဟု ယူဆပါကြောင်းဆိုပြီးတော့ ထောက်ခံတင်ပြထားတာကို ကျွန်တော်တို့ တွေ့ရှိရဘူးပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း တရားစီရင်ရေး တရားရုံးများ ဖွဲ့စည်းချိန်ကစပြီးတော့ ယခုချိန်ထိအောင် တရားသူကြီးများ ကျမ်းကျိန်ဆိုတာဟာ မရှိခဲ့တာဖြစ်ပါကြောင်းကို လည်း အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။

ဆက်ပြီးတော့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ကျမ်းသစ္စာမကျိန်ဆိုရသေးတဲ့ တရားသူကြီးများရှိပါသေးတယ်။ ကျမ်းသစ္စာမကျိန်ဆိုရသေးတဲ့ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများကတော့ ကျမ်းသစ္စာမကျိန်ဆိုရသေးပါဘူး။ အဲဒီတော့ သက်ဆိုင်ရာ ကျမ်းသစ္စာမကျိန်ဆိုရသေးတဲ့ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများကတော့ သက်ဆိုင်ရာတိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ရဲ့ရှေ့မှောက်မှာ ကျမ်းသစ္စာကျိန်ဆိုဖို့အတွက် ကျွန်တော်တို့ စီစဉ်ပေးနိုင်ပါတယ်။ အဲဒီလို ကျမ်းသစ္စာကျိန်ဆိုမယ်ဆိုလို့ရှိရင်တော့ တစ်ကြိမ် ကျမ်းသစ္စာကျိန်ဆိုပြီးပြီဆိုလို့ရှိရင်တော့ လုံလောက်မယ်လို့ယူဆပါကြောင်းကို တင်ပြလိုပါတယ်။ ဒါကြောင့် ချုပ်ပြောရမယ်ဆိုလို့ရှိရင် ဒီနေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တင်ပြတဲ့ အဆိုနှင့်စပ်လျဉ်းပြီးတော့ မှတ်တမ်းတင်ထားရန်သင့်ပါကြောင်းကို တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးဝင်းမြင့်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ ခုနက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးမင်း ရှင်းသွားတဲ့အထဲမှာ တရားရုံးအသီးသီးကို ကျမ်းသစ္စာကျိန်ဆိုဖို့ အမှုသည်တွေ၊ သက်သေတွေကို ညွှန်ကြားထားပါတယ်။ နောက်တစ်ခါ လိုက်ပါဆောင်ရွက်လျက်လည်းရှိပါတယ်လို့ ပြောသွားတာကြားရပါတယ်။ အဲဒါလေးကို သေသေချာချာထိထိမိမိ ညွှန်ကြားချက်အတိုင်း အောက်ခြေတွေမှာ လိုက်ပါဆောင်ရွက်လျက်ရှိအောင် ဆက်လက်ပြီးတော့ ကြပ်ကြပ်မတ်မတ် ကြိုးစားပြီးဆောင်ရွက်

ပေးစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားရုံးတွေကို ကော်မတီအနေနဲ့သွားတဲ့အခါမှာ ကျွန်တော်တို့ရှေ့မှာပါပဲ ဒီလိုမရှိတာကို ကျွန်တော်တို့ကတွေ့လို့ ဒီအဆိုကို ကျွန်တော်တို့က တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက သက်သေများ၊ အမှုသည်များက ကျမ်းသစ္စာကျိန်ဆိုရန် လိုလားတယ်။ အမှုသည်တွေလည်း ကျိန်ကြပါတယ်ဆိုတော့ ဆက်ပြီးတော့ ဒီအတိုင်းပဲဖြစ်အောင် ဖြစ်စေချင်ပါတယ်။ နောက်တစ်ခါ တရားသူကြီးများအပိုင်းကတော့ ခရိုင်နှင့် မြို့နယ်မှာ တရားသူကြီးတွေ ကျမ်းသစ္စာမကျိန်ရသေးတဲ့ ပုဂ္ဂိုလ်တွေကို ကျမ်းသစ္စာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရဲ့ရှေ့မှာ ကျိန်ဆိုပေးမယ်ဆိုရင် အဆင်ပြေမယ့်အနေအထားရှိပါတယ်။ နောက်တစ်ခုကလည်း ခုနက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှင့်တကွ တရားသူကြီးများ၊ နောက်တစ်ခုက ပြည်နယ်နှင့်တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်တကွ တရားသူကြီးများကလည်း ခုနကပြောသလို တရားသူကြီးတွေဖြစ်တိုင်း ကျမ်းသစ္စာကျိန်ဆိုရမယ်လို့ ပြဋ္ဌာန်းထားခြင်း မရှိတာတော့မှန်ပါတယ်။ ဒါပေမယ့် အခြေအနေအချိန်အခါအရ လိုအပ်လာတာမို့လို့ ကျွန်တော်လည်း ဒီအဆိုတင်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီတရားသူကြီးများကလည်း ကတိသစ္စာပြုတာမဟုတ်ဘဲနဲ့ တစ်ကြိမ်တစ်ခါကတော့ ခုနက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ရှေ့မှာ ကျမ်းသစ္စာကျိန်ဆိုပြီးတော့ ဆက်လက်ပြီးတော့ ပြုလုပ်ပေးဖို့လိုလားပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်လို့ ဒီအဆိုကို ဆက်လက်အကောင်အထည်ဖော် ခုနကပြောတဲ့အတိုင်း ဆောင်ရွက်ပေးမယ်ဆိုရင် မှတ်တမ်းတင်ထားတာကိုလည်း ကျွန်တော်သဘောတူပါတယ်လို့ပြောကြားရင်း အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့်တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီး တရားလွှတ်တော်ချုပ် တရားသူကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးတဲ့အပေါ်မှာ ဦးဝင်းမြင့်ကလည်း ဒီလိုအဆိုပြုမှုကို မှတ်တမ်းတင်ထားရှိပြီးဆက်လက်ဆောင်ရွက်ပေးရန်ဆိုတဲ့ သဘောထားပါတဲ့ တင်ပြချက်တင်ပြခဲ့ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကို မေးမြန်းတင်ပြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့်တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်တစ်ပါတည်းရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးဝင်းမြင့်တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိ ဆက်လက်ဆောင်ရွက်ရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘောတူတဲ့အတွက် ဦးဝင်းမြင့်ရဲ့အဆိုကို မှတ်တမ်းတင်ထားရှိပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ဦးသိန်းညွန့် သယ်န်းကျွန်းမဲဆန္ဒနယ်က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဦးသိန်းညွန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၇ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များသို့လည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယခု ဖြန့်ဝေထားပြီးသော ဒီနေ့ တင်သွင်းမယ့် ပြည်ထောင်စုတရားသူကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ကျွန်တော် လွှတ်တော်သို့ နည်းဥပဒေနဲ့အညီ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ သက်ဆိုင်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်အစီရင်ခံစာအား ကော်မတီ၏ တာဝန်ပေးချက်အရ လေးစားစွာနဲ့ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးသိန်းညွှန့်က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း ၈ ပုဒ်မ ၃၇၈ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းထားသည့် စာချွန်တော်အမိန့်တစ်ရပ်ရပ်ဖြင့် နိုင်ငံသားများ၏ အခွင့်အရေးရရှိစေရန်အတွက် ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ပြင်ဆင်ရန်လိုအပ်ကြောင်း ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်သွင်းသည့် ဥပဒေကြမ်း ဖြစ်ပါသည်။

၂။ ပထမအကြိမ် ပြည့်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ် တွင် ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းသည့် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ကန့်သတ်ချက် အချို့ကို ပြင်ဆင်ပယ်ဖျက် ရန် အဆိုကို လွှတ်တော်မှ အတည်ပြုခဲ့ပြီးဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကအန္တရာယ်မှာ လာဘ်ပေးလာဘ်ယူခြင်းအပါအဝင် အဂတိတရားလေးပါး မကင်းရှင်းခြင်းဖြစ်ရာ ထိန်းကျောင်းနိုင်ရန် အတွက် တရားရုံးများလက်စွဲတွင် ဖော်ပြထားသော ဂျူရီလူကြီးများအတွက် ကျမ်းသစ္စာကျိန်ဆို သကဲ့သို့ တရားသူကြီးများလည်း ကျမ်းသစ္စာကျိန်ဆိုနိုင်ရန်အတွက် မူလပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၆၀ ကို ပြင်ဆင်ပြီးပူးတွဲပါ ဇယား(၁) ကတိသစ္စာပြုချက်ပုံစံအတိုင်း ကတိသစ္စာပြုရန် လိုအပ်ကြောင်းကို အကျိုးအကြောင်း ဖော်ပြချက်၌ ဥပဒေကြမ်းတင်သွင်းသူ ဦးသိန်းညွှန့်က ဖော်ပြ ထားပါသည်။

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၂၃-၁၁- ၂၀၁၂ ရက်နေ့တွင် ဦးသိန်းညွှန့် တင်သွင်းသည့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်

ဥပဒေကြမ်းအား လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းသို့ ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တင်သွင်းလာသည့်ဥပဒေကြမ်းအား လေ့လာစိစစ်ရန် ၁၆-၁-၂၀၁၃ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။ ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးဆိုင်ရာကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးအား ကျင်းပခဲ့ပါသည်။

၅။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် စာပိုဒ် ၅ ခု ပါရှိပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများကို လွှတ်တော်မှ စိစစ်ရမည့်အခြေခံရမည့်မူ အချက် ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ရာ တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဥပဒေကြမ်း၏ စာပိုဒ် ၂၊ မူရင်းပုဒ်မ ၁၇ ပုဒ်မခွဲ(ဝ) ထိုသို့ပြန်လည် အမှတ်စဉ်ထားသည့် ပုဒ်မခွဲ(ဝ) နောက်၌ အောက်ပါပုဒ်မခွဲ(၂)အဖြစ် ထည့်သွင်းရမည် -

(၁) (၂) ဤဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၇၈)(က)အရ နိုင်ငံသားများအားပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရရှိရန် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အာဏာ မတည်မီက ဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ တရားရုံးတစ်ရပ်ရပ်က ချမှတ်ခဲ့သော စီရင်ချက်ကို ဒီကရီကို သို့တည်းမဟုတ် အပြီးသတ်အမိန့်ကို စာချွန်တော်အမိန့်တစ်ရပ်ရပ်ဖြင့် ပြင်ဆင်ပေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ အခွင့်အာဏာရှိသည်ဟူ၍ အသစ်ထည့်သွင်း ပြဋ္ဌာန်းရန် ဦးသိန်းညွန့် က ဥပဒေကြမ်းတွင် ဖော်ပြထားပါသည်။

(၂) ယင်းပြဋ္ဌာန်းချက်သည် စာချွန်တော်အမိန့်နှင့် တိုက်ရိုက်သက်ဆိုင်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၂၉၆ တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အာဏာအပ်နှင်းထားပြီး ဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဥပဒေတွင်လည်း စာချွန်တော်နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ လွှတ်တော်မှ လက်ခံဆွေးနွေးရန် အတည်ပြုထားသော ချင်းပြည်နယ်၊ ကန်ပက်လက်

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းသည့် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ကန့်သတ်ချက်အချို့ကို ပြင်ဆင် ပယ်ဖျက်ပေးရန်အဆိုမှာ ဆောင်ရွက်ရန်ကျန်ရှိနေသေးပြီး၊ အတည်ပြု ဆုံးဖြတ်ချက်ကို ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် စာချွန်တော်အမိန့် လျှောက်ထားမှုသည် တရားရုံးကိစ္စ သက်သက်သာ မဟုတ်ဘဲ အခြားသောအဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်လည်း သက်ဆိုင်နေပါသဖြင့် ပုဒ်မ ၁၇ ပုဒ်မခွဲ(၂)ကို အတည်ပြု ပြဌာန်းရန် မသင့်သေးပါ ကြောင်း သုံးသပ်ရရှိပါသည်။

(ခ) ဥပဒေကြမ်း၏ စာပိုဒ် ၃၊ မူရင်းပုဒ်မ ၁၇ တွင် ထိုသို့ ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ(၂) နောက်၌ အောက်ပါပုဒ်မခွဲ(၃)အဖြစ် ထည့်သွင်းရမည်။ ပြည်ထောင်စုတရား လွှတ်တော်ချုပ်သည် ဤပုဒ်မအရ ဆောင်ရွက်သည့် အမှုများ၌ လိုက်နာရန်ကျင့်ထုံးကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်ဟု အသစ်ထည့်သွင်းပြဋ္ဌာန်းရန် ဦးသိန်းညွန့်က ဥပဒေကြမ်းတွင် ဖော်ပြထားပါသည်။ ယင်းပြဋ္ဌာန်းချက်သည် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ဥပဒေပုဒ်မ ၇၃ တွင် ပါရှိပြီးဖြစ်၍ ထပ်မံဖြည့်စွက်ရန် မလိုအပ်ပါ ကြောင်း တွေ့ရှိရပါသည်။

(ဂ) ဥပဒေကြမ်း၏စာပိုဒ် ၄၊ မူရင်းပုဒ်မ ၆၁ တွင် ထိုသို့ ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ(၁)နောက်၌ အောက်ပါအတိုင်း ပုဒ်မခွဲ(၂)အဖြစ် ထည့်သွင်းရမည် -

(၁) ပြည်ထောင်စုတရားရုံးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့တည်းမဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်တရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး များ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ ဥပဒေ အရ တည်ထောင်သောအခြားရုံးမှ တရားသူကြီးများသည် တရားခွင်တက်တိုင်း ပြည်သူ့ရှေ့မှောက်၌ ဇယား(၁)တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာ ပြုရမည်ဟူ၍ အသစ်ထည့်သွင်း ပြဋ္ဌာန်းရန် ဦးသိန်းညွန့်၏ ဥပဒေကြမ်းတွင် ဖော်ပြထားပါသည်။

(၂) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်

တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများသည် စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက ကတိသစ္စာပြု၊ ကျမ်းသစ္စာကျိန်ဆိုပြီးသူများဖြစ်ပြီး နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နေ့စဉ်ကတိသစ္စာပြုရန်မှာ အခက်အခဲရှိနိုင်ပါသည်။ သို့ရာတွင် ကတိသစ္စာ မပြုရသေးသော တရားသူကြီးများအတွက် ကတိသစ္စာပြုနိုင်ရေး ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့် အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကျမ်းသစ္စာ မကျိန်ဆိုရသေးသော တရားသူကြီးများ ကျမ်းသစ္စာပြုရေး စီစဉ်ဆောင်ရွက်ပေးရမည်။ လိုအပ်ပါက တရားခွင်တွင် ပြည်သူ့ရှေ့မှောက်၌ ကျမ်းသစ္စာပြုရေး စီစဉ် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဖြန့်ဝေထားတဲ့ အစီရင်ခံစာမှာ Typing Error ဖြစ်တဲ့အတွက် ကျွန်တော့်၏ ဖတ်ကြားချက်အတိုင်း အတည်ပြုနိုင်ရန်အတွက် ကျွန်တော်လေးစားစွာ ကြားဖြတ်တင်ပြအပ်ပါတယ်။

(ဃ) ဥပဒေကြမ်း၏ စာပိုဒ် ၅ ၌ အဆိုပါဥပဒေအပိုဒ် ၆၇ တွင် အောက်ပါအတိုင်း ထည့်သွင်းရမည်။ အပိုဒ်(၆၇) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဤဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများ စစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် ပြည်ထောင်စုတစ်ဝှန်းလုံးရှိ အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများအား အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်စစ်ဆေးကြည့်ရှုရမည်။ အပိုဒ်(၆၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများနှင့် ခရိုင် တရားသူကြီးများသည် ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများ စစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် မိမိတို့စီရင်ပိုင်ခွင့်ရှိရာဒေသ အတွင်းရှိ အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများအား

အနည်းဆုံး(၆)လတစ်ကြိမ် စစ်ဆေးကြည့်ရှုရမည် ဟူ၍ အသစ်ဖြည့်စွက် ပြဋ္ဌာန်းရန် ဦးသိန်းညွန့်က ဥပဒေကြမ်းတွင် ဖော်ပြထားပါသည်။ ဦးသိန်းညွန့်၏ ဖော်ပြချက်သည် ခေတ်ကာလနှင့်ကိုက်ညီနေပြီး ပြည်သူတို့၏ လိုလားချက်များနှင့်လည်း ညီညွတ်မှု ရှိပါသဖြင့်၊ ဖြည့်စွက်ပြဋ္ဌာန်းသင့်ကြောင်း သုံးသပ်ရရှိပါသည်။

၆။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပါရှိသည့် စာပိုဒ် ၄ ကို စကားရပ်ပြင်ဆင်၍လည်းကောင်း၊ စာပိုဒ် ၅ ကို ထောက်ခံ၍လည်းကောင်း၊ လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ကြပြီး၊ နည်းဥပဒေ ၄၅ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့်တင်သွင်းတဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါ့မယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နဲ့အညီ ဒီဥပဒေကြမ်းဆွေးနွေးချက်နဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၁-၂၀၁၃ ရက်နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၄ ရက် ကြာသပတေးနေ့ ၁၀၀၀ နာရီအချိန်မှာ ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်**၊ ။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နာရီအချိန်တွင် ရပ်နားပါသည်။]